# The World's Greatest Women Spies

**Dr. Kurt Singer**

# တက်တိုး
# ကမ္ဘာကျော်မိန်းမသူလျှိုများ



ဒုတိယအကြိမ်

mgyoe.com



**Dr. Kurt Singer**





သူလျှိုဟူသည် သာမန်အမြင်အားဖြင့် လူသားစစ်စစ်သာ ဖြစ်သည်။ သို့သော် သူ့စိတ်နေစိတ်ထားသည် လူသာမန်တို့၏ စိတ်နေစိတ်ထား မဟုတ်။ ထူးခြားလှ၏။ စိတ်ဝင်စားဖွယ်ကောင်း၏။ မိန်းမသူလျှိုများကား ပို၍ပင် ထူးခြားစိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ သူလျှိုအမျိုးမျိုးရှိသည်။ အတန်းအစားအမျိုးမျိုးရှိသည်။ ပိုက်ဆံပေါပေါသုံးရ၍ လုပ်သော သူလျှိုမှသည် မျိုးချစ်စိတ်ကို မှုတည်၍ ငွေကို လုံးဝမမက်ဘဲ တာဝန်သဘောနှင့် ဆောင်ရွက်သော သူလျှိုအထိ အမျိုးမျိုးရှိသည်။ တစ်ဖန် ပညာမတတ်သည့် သူလျှိုမှသည် ပါရဂူမြောက်တစ်ပက်ကမ်းခပ် တတ်မြောက်သည့် ပညာရှိသူလျှိုအထိ အတန်းအစားအမျိုးမျိုး ကွဲပြားလျက်ရှိသည်။

ISBN9789997115041
TT18
9 789997 115041
2,000.00KS

mgyoe.com

ကမ္ဘာကျော်မိန်းမသူလျှိုများ။ တက်တိုး
စာမျက်နှာ ၁၅၉+ မျက်နှာ၊ ၁၂.၈စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၄ ရာပြည့်စာအုပ်တိုက်၏ ပ[illegible]ကြိမ်မှု၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ကမ္ဘာကျော်မိန်းမသူလျှိုများ

# THE WORLD'S GREATEST WOMEN SPIES

**Dr. Kurt Singer**

**တက်တိုး**

မြန်မာပြန်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | အမှာ | က |
| ၁။ | သူလျှို့စိတ်ထား | ၁ |
| ၂။ | အထူးမြူသူလျှိုကြီး၏ နောက်ကွယ်က မိန်းမပျို | ၂၄ |
| ၃။ | သူ့အစ်မ ရှသ် | ၄၃ |
| ၄။ | အရုပ်ကလေးများနှင့် အဒေါ်ကြီး | ၆၆ |
| ၅။ | မာတာဟာရီ | ၈၉ |
| ၆။ | မာတာဟာရီ့ ရင်သွေး | ၁၀၇ |
| ၇။ | သနားစရာကလေး | ၁၂၅ |
| ၈။ | သံရုံးက သူလျှိုမ | ၁၄၅ |


□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာ

ကျွန်တော်သည် လွန်ခဲ့သော ဆယ်နှစ်ကျော်က "မာတာဟာရီ" အမည်နှင့် ကမ္ဘာကျော်သူလျှိုမ မာတာဟာရီ၏ အတ္ထုပ္ပတ္တိတိုကလေးကိုရေး၍ ထားဝယ်ကိုထွန်းအေး၏ စာပေဖြန့်ချိရေးတိုက်မှ ထုတ်ဝေရာ၊ စာအုပ်ရေ ၃၀၀၀ ကို သုံးရက်တည်းနှင့် ရောင်း၍ကုန်သွားပါသည်။ သူလျှိုများအကြောင်း မြန်မာစာဖတ်သူတို့ စိတ်ဝင်စားကြောင်း ထင်ရှားသော အချက်တစ်ရပ်ပင်။

သူလျှိုအကြောင်းမှာ ထိုစဉ်ကသာ စိတ်ဝင်စားဖွယ်မဟုတ်။ မြန်မာများသာ စိတ်ဝင်စားသည်လည်းမဟုတ်။ စင်စစ်သော်ကား သူလျှိုအကြောင်းမှာ အခါမလင့် စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ မြန်မာများမှာ စိတ်ဝင်စားသော ကမ္ဘာအရပ်ရပ်ရှိ စာဖတ်သူတို့တွင် တစ်စိတ်တစ်ဒေသ အဖြစ်သာ ပါဝင်ခြင်းဖြစ်ပေသည်။

mgyoe.com

mgyoe.com

သူလျှို ဆိုသော သတ္တဝါမှာ သာမန်အမြင်အား ဖြင့် လူသားစင်စစ်သာဖြစ်၏။ သို့သော် သူ့စိတ်နေ စိတ်ထားသည် လူသာမန်တို့၏ စိတ်နေစိတ်ထား မျိုးမဟုတ်။ ထူးခြားလှသည်။ သူလျှို အမျိုးမျိုးရှိ သည်။ အတန်းအစား အမျိုးမျိုးရှိသည်။ ပိုက်ဆံပေါ ပေါသုံးရ၍လုပ်သော သူလျှိုမှသည် မျိုးချစ်စိတ်ကို မူတည်၍ ငွေကို လုံးဝမမက်ဘဲ တာဝန်သဘောနှင့် ဆောင်ရွက်သော သူလျှိုအထိ အမျိုးမျိုးရှိသည်။ တစ်ဖန် ပညာမတတ်၊ အမျိုးမမှန်သော ကလေကဝ သူလျှိုမှသည် ပါရဂူမြောက် တစ်ဖက်ကမ်းခပ် တတ် မြောက်သည့် ပညာရှိသူလျှိုအထိ အတန်းစားလည်း အမျိုးမျိုးရှိပေသည်။

သူလျှိုသည် သူ၏လုပ်ငန်းကပင် သာမန် မဟုတ်သော လုပ်ငန်းမျိုးဖြစ်ရကား၊ လူထူးလူဆန်း တစ်ယောက် ဖြစ်နေတော့သည်။ ဂျပန်တို့ မြန်မာ ပြည်သို့ဝင်ခါနီး ရန်ကုန် အစရှိသော မြို့ကြီးများကို ဗုံးကြဲကြစဉ်က–

"လေယာဉ်ပျံတွေလာတုန်း လူနီနီကြီးတစ် ယောက်က လက်နှိပ်ဓာတ်မီးနဲ့ ထိုးပြသတဲ့။ အင်္ဂလိပ် ကပြားတစ်ယောက်နဲ့ တရုတ်မတစ်ယောက်လည်း ဒီလိုပဲ လက်နှိပ်ဓာတ်မီးနဲ့ အချက်ပြလို့ ဖမ်းသွားပြီ တဲ့" စသည့် သတင်းများကို မကြာခဏ ကြားခဲ့ရ သည်။ သို့သော် "သင်းပဲ သူလျှို" ဟု လက်ညှိုးငေါ်း ပြ၍ ကြည့်ခဲ့ရသူမှာ ရှာမှ ရှားလေတော့သည်။

mgyoe.com

mgyoe.com



အချုပ်ကိုဆိုသော် သူလျှိုသည် ကောင်းသော သတ္တဝါဖြစ်စေ၊ ဆိုးသောသတ္တဝါဖြစ်စေ ဖြစ်ချင်ရာ ဖြစ်နိုင်၏။ သို့သော် သူသည် စိတ်ဝင်စားဖွယ် ကောင်းသော သတ္တဝါတစ်ဦးဖြစ်ကြောင်း ထင်ရှား လှသည်။

ကမ္ဘာပေါ်တွင် သူလျှိုပေါင်းများစွာ နိုင်ငံအသီး သီး၌ ရှိသည်။ နိုင်ငံတိုင်း၌ မျိုးချစ်ပုဂ္ဂိုလ်များ ရှိ သည့်နည်းတူ မျိုးဖျက်များ၊ တိုင်းပြည်ကို ရောင်း စားသူများ၊ သူလျှိုများ ရှိစမြဲ ဓမ္မတာပင်ဟု အင်္ဂလိပ် ဝတ္ထုရေးဆရာကြီး "ဆမ္မားဆက်မွမ်" က ဆိုဖူးလေ သည်။

သူလျှိုများသည် စိတ်ဝင်စားဖွယ်ကောင်း၏။ မိန်းမသူလျှိုများကား သာ၍ပင် စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ "မာတာဟာရီ" သည် သူလျှို သမိုင်းတွင် ထွန်းပြောင်ခဲ့သော မိန်းမသူလျှိုတစ်ဦး ဖြစ်ပေသည်။ လုပ်ငန်းမှာ သက်သောင့်သက်သာ လုပ်ငန်းမဟုတ်။ အသက်ကို စွန့်စားရသော အလုပ် မျိုးဖြစ်သည်။ စင်စစ်သော်ကား အသက်တမ်း အတိုင်းနေ၍ သေရိုးသေစဉ် သေရသော သူလျှိုဟူ၍ ရှိလှခဲ၏။ သူတစ်ပါး၏လက်ချက်ကြောင့် အသက် စွန့်ကြရသည်က များလှချေသည်။

ကျွန်တော်သည် မိန်းမသူလျှိုများနှင့် ပတ်သက် သည့်စာပေကို လိုက်လံရှာဖွေဖတ်ရှုရာ မကြာမီကမှ ရေးသားထုတ်ဝေလိုက်သော "ကမ္ဘာကျော် မိန်းမ

mgyoe.com

mgyoe.com



သူလျှိုများ" (The World's Greatest Women Spies) အမည်တပ် စာအုပ်ကြီးတစ်အုပ်ကို တွေ့ပါသည်။ ရေးသူမှာ ဂျာမန်ပါမောက္ခ၊ သတင်းစာဆရာ၊ စာရေးဆရာကြီး ဒေါက်တာ "ကတ်ဆင်းဂါး" ပင်ဖြစ်သည်။ ဒေါက်တာဆင်းဂါးမှာ သူလျှိုများစွာနှင့် တွေ့ကြုံဆက်ဆံခဲ့ဖူးလေသည်။ သူလျှိုအကြောင်းကို စိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ရာဇဝင်ပိုင်း စသည်ဖြင့် အပိုင်းပိုင်းကို ဝေဖန်လေ့လာခဲ့သော ပုဂ္ဂိုလ်ဖြစ်ရာ ဒေါက်တာဆင်းဂါး၏ စာအုပ်မှာ ဖတ်၍ကောင်းသော ဝတ္ထုပေါင်းချုပ်အဖြစ်သာ အဖိုးတန်သည် မဟုတ်။ သူလျှိုတို့၏ စိတ်နေစိတ်ထား၊ သူလျှိုတို့၏ ပညာအဆင့်အတန်း၊ လူတန်းစားအခြေအနေတို့ကိုပါ ပညာတစ်ရပ်အဖြစ် လေ့လာထားသော ကျမ်းတစ်စောင်အဖြစ်လည်း အဖိုးတန်ပေသည်။

ထိုစာကို မြန်မာပြန်၍ ဦးကျော်၏ စိမ်ချက်အရ "ရှုမဝ" မဂ္ဂဇင်းတွင် လစဉ် အပိုင်းပိုင်းခွဲ၍ ထည့်သွင်းသွားပါမည်။ ထို့နောက် လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေရန် ရည်ရွယ်ပါသည်။ ယခုအပတ်တွင် ပါရှိသောအပိုင်းမှာ "ပဏာမ" ဖြစ်သည်။ သူလျှိုတို့အကြောင်းကို ဝေဖန်၍ သူလျှိုများ ထားလေ့ရှိသော စိတ်ထားကို ပေါ်လွင်အောင် ဖော်ပြထားပေသည်။

တက်တိုး

၁၀-၁၀-၄၂

▢

mgyoe.com

mgyoe.com

# (၁)

## သူလျှိုစိတ်ထား

### (ပထမ)

ကျွန်တော့်သမီးကလေး "မယ်ရီယံ" မှာ အသက်ဆယ့်တစ်နှစ်ရှိ သူငယ်မကလေးဖြစ်သည်။ အရပ်ရှည်ရှည်၊ ရုပ်ရည်ချောချော၊ ဆံပင်နီကြန်ကြန်ကလေးနှင့် ချစ်စဖွယ် မျက်လုံးကလေးများ ရှိပေသည်။ သူသည် ကျွန်တော် ဖြေနိုင်သည်ထက် ပို၍နေသော မေးခွန်းများကို မေးလေ့ရှိပါသည်။

လွန်ခဲ့သော နွေကာလက သူသည် ကျွန်တော်နှင့်အတူ ဥရောပတိုက်ကြီးတစ်ခွင်တွင် မိုင်တစ်သောင်းနှစ်ထောင်ရှိသော ခရီးတစ်လျှောက် လိုက်၍လာပါသည်။ ကျွန်တော်လည်း ခရီးထွက်၍ တရားဟောပွဲများ ပြုလုပ်ခဲ့ပါသည်။ ခရီးတစ်လျှောက်ရှိ ကျောင်းများ၊ တက္ကသိုလ်များ၊ လူမှုရေးရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အသင်းအဖွဲ့များတွင် တရားဟောခဲ့ပါသည်။ ရေဒီယိုနှင့် တယ်လီဗီးရှင်းတို့မှလည်း အသံလွှင့်ခဲ့ပါသည်။ ကျွန်တော် ဟောသောတရားကား "ဒီမိုကရေစီ၏ သချိုင်းတူးသမားများ" ဖြစ်သည့် သူလျှိုများအကြောင်းပင် ဖြစ်ပါသည်။

mgyoe.com

mgyoe.com


သမီးကလေး မယ်ရီယံသည် ကျွန်တော်ဟောသော တရားပွဲတစ်ရာလုံးကို တက်၍နာမည်ဟု ပူဆာသဖြင့် တက်ရောက်၍ တရားနာစေခဲ့ရပါသည်။ တရားပွဲပြီးတိုင်း သူသည် တစ်မျိုးတည်းသော မေးခွန်းကို အမြဲတမ်း မေးပါသည်။ သူ့သာမက သူ့မိခင်၊ သူ့အစ်ကိုမှစ၍ ကျွန်တော့်တရားကို စင်မြင့်ပေါ်မှသော်လည်းကောင်း၊ ရေဒီယိုမှသော်လည်းကောင်း နာကြရသော ငါးသန်းမျှသော ပရိသတ်တို့ကလည်း ထိုမေးခွန်းကိုပင် မေးကြပါသည်။ ယင်းသည်ကား–

"ခင်ဗျား သူလျှိုလုပ်ခဲ့ဖူးသလား"

ပရိသတ်ကမေးတိုင်း ကျွန်တော်က တစ်မျိုးတည်းအဖြေကို အမြဲပေးခဲ့ပါသည်။ "သူလျှိုဆိုတဲ့စကားကို ကျွန်တော် မကြိုက်ဘူးဗျာ။ စုံစမ်းထောက်လှမ်းရေး အရာရှိလို့ ခေါ်စမ်းပါ" ဟု ကျွန်တော်က ရယ်စရာဖြစ်အောင် မရေမရာ ဖြေလိုက်လေ့ရှိပါသည်။

ထိုအဖြေကို ကြားရသော ပရိသတ်က ရယ်ချင်ရယ်ပေမည် ဖြစ်စေကာမူ မယ်ရီယံက ရယ်မည်မဟုတ်။ "စုံစမ်းထောက်လှမ်းရေး အရာရှိဆိုတာဘာလဲ၊ သူလျှိုဟာ ဘယ်သူ့အဖို့ သူလျှိုလုပ်ပေးတာလဲ" ဟု ထပ်၍ ဆင့်လိုက်လေတော့သည်။ သမီးကလေး အမေးတွင် သူလျှို ဆိုသောစကားလုံး ပါလာပြန်ချေပြီ။ "အတော်ဆုံး သူလျှိုဟာ စင်စစ်တော့ သုတေသနပုဂ္ဂိုလ်ကြီးပေါ့။ ကလိမ်ဉာဏ်ကိုမသုံးဘဲ စိတ်ပညာနဲ့ သုံးသပ်ပြီး ဆောင်ရွက်နိုင်တဲ့လူပေါ့။ သူလျှို ဆိုတာ အမှန်ဆိုရမယ်ဆိုရင် လူတောထဲမှာ နေတဲ့လူပါပဲ" ဟု ကျွန်တော်က ပြောလျှင်လည်း သမီးကလေး မယ်ရီယံမှာ နားလည်မည်မဟုတ်ချေ။

ကာလအတော်ကြာက ရုရှားကွန်မြူနစ်ဝန်ကြီးတစ်ဦးက ခေါင်းဆောင်ကြီး စတာလင်အား အမေရိကန်ပြည်တွင် ငါးနှစ်ကျော်နေထိုင်သော နိုင်ငံခြားသားများသည် အမေရိကန် ပြည်ထောင်စုသားအဖြစ်

mgyoe.com

mgyoe.com


ခံယူနိုင်ကြောင်း ပြောပြရာ စတာလင်က "ဒီလိုဆိုရင် ငါတို့ဆီက ယောက်ျားမိန်းမပေါင်း ငါးထောင်လောက် ဟို သွားနေကြပါစေလား။ ငါတို့ သူတို့ကို ခိုင်းစရာရှိတော့ ခိုင်းမယ်၊ မခိုင်းသေးခင် ဒီလိုပဲ ဟိုမှာ ထိုင်နေကြပါစေလား" ဟု ဆိုလေသည်။ ယခု ကျွန်တော်တို့ လူစုကြား တွင် ယင်းသို့ "ထိုင်နေသူများ" ရှိနေပြီ။

အခြား "ထိုင်နေသူများ" ကား ဂျာမနီက ကမ္ဘာအရပ်ရပ်သို့ စေလွှတ်ခြင်းခံရသော ဂျာမနီ ပြည်သူပြည်သားများဖြစ်သည်။ သူတို့ သည် နိုင်ငံခြားတွင် အလုပ်အကိုင် လုပ်ကိုင်ရင်း ထိုင်၍ စောင့်နေကြ ၏။ သူတို့ အဖတိုင်းပြည်ကြီးက စေခိုင်းချိန်တန်မှ ထ၍ ဆောင်ရွက်ကြ လေသည်။ သူတို့ ဆောင်ရွက်ပုံကား ဤသို့ပင်တည်း။ "စကာပါဖလို" သင်္ကေတဆိပ်ကို ဂျာမန်ရေဟပ်က ဝင်၍တိုက်နိုင်အောင် သတင်းပေးသူ သည် ၁၉၂၆ ခုနှစ်က ဗြိတိန်ပြည်သို့ လာ၍နေထိုင်သော ဂျာမန် နာရီ ပြင်ဆရာတစ်ဦးဖြစ်သည်။ ဂျပန်တို့ "ပါးလ်ဟားဗား" သင်္ဘောဆိပ်ကို လာ၍ ဗုံးကြဲစဉ် လက်နှိပ်ဓာတ်မီးနှင့် အချက်ပြသူ ဘာသာစကားဘက် ဆိုင်ရာ ပါမောက္ခသည် "ပါးလ်ဟားဗား" ရှိရာ "ဟာဝေယံ" ကျွန်းသို့ ၁၉၃၆ ခုနှစ်က လာ၍နေလေသည်။ အဏုမြူဗုံးစပ်နည်းကို ခိုး၍ ထုတ် ပေးမှုနှင့် ၁၉၄၉ ခုနှစ်တွင် အဖမ်းခံရသူ "ကလော့ဖုက်စ်" သည် ဗြိတိန် ပြည်သို့ ၁၉၃၅ ခုနှစ်က လာရောက်နေထိုင်လေသည်။ ယင်းသို့လျှင် သူလျှိုများမှာ သက်ဆိုင်ရာ တိုင်းပြည်သို့ လာရောက်နေထိုင်ကြသူများ ဖြစ်တတ်ကြသည်။ သူတို့သည် အဖတိုင်းပြည်က အလိုရှိခါမှ ထ၍ ဆောင်ရွက်ပေးကြသူများ ဖြစ်ပေသည်။

ယင်းသို့လျှင် စစ်ပြင်ဆင်မှုကို ငြိမ်းချမ်းရေးကာလ အတော အတွင်း၌ ဆောင်ရွက်ကြသည်။ အမြောက်သေနတ်များ ပစ်ဖောက်၍ တိုက်ခိုက်သော စစ်ကြီးမဖြစ်စေမီ ငြိမ်းချမ်းရေးရရှိပါသည်ဟု ဆိုရသော

mgyoe.com

mgyoe.com


အခိုက်အခါ၌ပင်လျှင် စစ်ဖြစ်လျှင် အသုံးပြုနိုင်ရန် သူလျှိုများကို သက်ဆိုင်ရာတိုင်းပြည်များတွင် "ထိုင်နေ" ဖို့ စေလွှတ်ထားလေသည်။

ထိုအကြောင်းအရာများကို ကျွန်တော့်သမီးကလေးအား ပြောပြ၍ ဖြစ်နိုင်ပါမည်လော။

ကျွန်တော်လည်း တစ်ခါက "ထိုင်နေသူ" ဖြစ်ခဲ့ဖူးပါ၏။

ကျွန်တော်သည် အစက သူလျှိုလောကကြီးထဲသို့ ဤမျှလောက်နက်နက်နဲနဲ ရောက်သွားလိမ့်မည်ဟု မအောက်မေ့မိပါ။ ကျွန်တော်သည် ဆွီဒင်ပြည်၌ နေခဲ့ပါသည်။ ဆွီဒင်ပြည်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံး ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဖြစ်ပေသည်။ ထိုအခါက ကျွန်တော်မှာ သတင်းစာဆရာတစ်ဦးဖြစ်ပါသည်။ စာအုပ်များရေးကာ အမေရိကန်နှင့် ဥရောပတိုက်ရှိ သတင်းစာများသို့ သတင်းများ၊ ဆောင်းပါးများ ပေး၍ နေခဲ့ပါသည်။

၁၉၃၈ ခုနှစ်တွင် ကျွန်တော်သည် စစ်ဖြစ်တော့မည့်အခြေကို လှမ်းမြင်မိသဖြင့် စစ်ကို တားဆီးလိုသောဆန္ဒ ကျွန်တော့်၌ ပြင်းပြလျက်ရှိပါသည်။ ထိုကြောင့် ကျွန်တော်သည် ဟစ်တလာ၏ စက်ကွင်းမှ ထွက်ပြေးလာသော သူတို့အား စောင့်ရှောက်ရန် ဖွဲ့စည်းထားသော အသင်းတွင် ဝင်ရောက်ဆောင်ရွက်ပါသည်။ ယင်းသို့ ဆောင်ရွက်ရာ၌ ကျွန်တော်သည် ဟစ်တလာ၏ နာဇီတို့လက်မှ ပြေးလာသော စစ်ပြေးများ၊ အိမ်ခြေမတည်သူများနှင့် ဆက်ဆံခဲ့ရပါသည်။

ကျွန်တော်သည် ထိုဒုက္ခသည်များအား ငွေကြေးရှာပေးခြင်း၊ နေခင်းထိုင်ခင်းများ စီစဉ်ပေးခြင်း၊ အလုပ်အကိုင်ရအောင် ဆောင်ရွက်ပေးခြင်းအမှုတို့ကိုပြုသည့် စေတနာ့ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ သူတို့ကလည်း ထိုသို့ ဆောင်ရွက်ပေးသဖြင့် ကျေးဇူးတင်ကြလေသည်။ သူတို့ခမျာများမှာ နာဇီတို့၏ ဘေးရန်ကို ကြောက်ရွံ့မြဲ ကြောက်ရွံ့နေကြရာ

mgyoe.com

mgyoe.com


သည်။ ယခုကဲ့သို့ နာဇီတို့လက်မှ လွတ်လာပြီဖြစ်သော်လည်း တစ်နေ့နေ့ အာဏာရှင် လက်ပါးစေများက သူတို့ရှိရာသို့ လိုက်လာပြီးလျှင် သတ်ဖြတ်လုပ်ကြံဦးမည်လောဟု တွေး၍ ကြောက်ကြပါသည်။

ထိုဒုက္ခသည်များမှာ သဘောသကာယကောင်း၍ သူတို့အဖြစ်သနစ်မှာ စိတ်ဝင်စားစရာ ကောင်းလှပေသည်။ သူတို့ထဲတွင်လည်း ဒုက္ခသည် အတုအယောင်များ ပါလာချေသေးသည်။ ထိုအတုများ၏ နိုင်ငံခြားသွား လက်မှတ်များမှာ အတုများချည်းဖြစ်သည်။ အချို့ကမူ နာဇီတို့ သတ်၍ သေပြီးသောသူ အချို့၏ လက်မှတ်ကိုယူ၍ ဟန်ဆောင်လာကြသည်။ ထိုအတုများလည်း ဒုက္ခသည်အစစ်တို့ကဲ့သို့ ဂျာမနီပြည်သို့မဟုတ် ဂျာမနီ နာဇီတို့ သိမ်းပိုက်ကြီးစိုးခြင်းခံရသော ဩစတြီးယားပြည်၊ ပိုလန်ပြည်၊ ချက်ကိုစလိုဗက်ကီးယားပြည် စသည်တို့မှပင် လာကြလေသည်။ သူတို့၏ ရည်ရွယ်ချက်မှာကား ဒုက္ခသည်များကိုကြည့်၍ နာဇီတို့၏ သူလျှိုလုပ်ကာ ထိုသတင်းများကို ပေးပို့ရန်ပင် ဖြစ်သည်။ သူတို့၏ ရည်ရွယ်ချက်ကို စ၍ တွေ့ရှိသူမှာ ကျွန်တော်ပင်ဖြစ်ပါသည်။

တစ်နေ့သ၌ လူတစ်ယောက်သည် ကျွန်တော်ထံသို့လာ၍ သူသည် ရုရှားပြည်ထောင်တစ်ခုမှ ထွက်ပြေးလာကြောင်း၊ သူ့အမည်မှာ ဟင်းစ်မူလာဖြစ်ကြောင်း ပြောပြလေသည်။ ကျွန်တော်လည်း သူ့စကားများ မှန် မမှန်ကို ဆွီဒင်ပြည်မှ မိတ်ဆွေများထံတွင် စိစစ်ကြည့်ရာ ဟင်းစ်မူလာအစစ်မှာ လွန်ခဲ့သောနှစ်က နာဇီတို့ သတ်ပစ်လိုက်ပြီဖြစ်ကြောင်း၊ ယခု လူမှာ ဟင်းစ်မူလာ အတုမျှသာဖြစ်ကြောင်း သိရပါတော့သည်။ သူလာခြင်း၏ အကြောင်းရင်းမှာ သူလျှိုလုပ်ရန် ဖြစ်ချေသည်။

ထိုသို့ ပထမတစ်ကြိမ် တွေ့ပြီးနောက် မကြာမီပင်လျှင် ဒုတိယ

mgyoe.com

mgyoe.com


အကြိမ် တွေ့ရပြန်တော့သည်။ လူနှစ်ယောက်သည် ဗြိတိသျှနိုင်ငံခြား သွား လက်မှတ်များနှင့် ရောက်လာရာ ကျွန်တော်က သူတို့အဖို့ နေရာထိုင်ခင်းများ စီစဉ်ပေးပြီးမှ သူတို့၏ လက်မှတ်များသည် အတုဖြစ်၍ သူတို့သည် ရှရှားသူလျှိုများဖြစ်ကြောင်း သိရပါတော့သည်။

တစ်ယောက်သောသူက ကျွန်တော့်အား ဒုက္ခသည်များ စာရင်းကို ကူးပြီးပေးလျှင် ငွေပေးမည်ဟု လာပြောသောကြောင့် ကျွန်တော်က ထိုသူအား ပုလိပ်လက်သို့ ချက်ချင်းအပ်လိုက်ပါသည်။

ယင်းသို့ သူလျှိုဖမ်းပေးခြင်းမှာ ကျွန်တော့်အဖို့ အစမျှသာ ဖြစ်ပါသည်။

တစ်နေ့သ၌ မျက်လုံးပြာကလေးနှင့် ရုပ်ရည်အတော်သန့်ပြန့်သော ဂျာမန်လူငယ်တစ်ယောက် ကျွန်တော့်ထံ ရောက်လာလေသည်။ သူသည် ဟစ်တလာ့လက်ထဲမှ ဒိန်းမတ်ပြည်သို့ ပြေးလေသည်။ ဟစ်တလာက ဒိန်းမတ်အစိုးရအား ထိုသူ့ကိုမအပ်လျှင် အရေးယူမည်ဟု ခြိမ်းခြောက်သဖြင့် ဒိန်းမတ်အစိုးရက သူ့အား အကြောင်းကြားသောကြောင့် သူ့ခမျာမှာ တစ်ဆင့် ဆက်၍ ပြေးရရှာသည်။ သူသည် ဆွီဒင်ပြည်သို့ ရောက်လာသောအခါ ကျွန်တော်တို့အသင်းအား အကူအညီတောင်းလေသည်။ သူ့ကို ကြည့်ရသည်မှာ သေနတ်နှင့် ပစ်သတ်ခံရခါနီး တိရစ္ဆာန်နှင့်တူလေသည်။ မျက်စိသူငယ်နှင့် သေဘေး၌ အမြဲတမ်းစိတ်စောနေရှာသည်။ သူ့ကို သတ်မည်ဆိုလျှင် သူက လက်ဦးအောင် သူတစ်ပါး အသတ်မခံဘဲ ကိုယ့်ကိုယ်ကိုယ် သတ်လိုက်နိုင်ရန် အဆိပ်ပုလင်းကလေး အမြဲတမ်း ဆောင်ထားလေသည်။

ထိုသူငယ်သည် ဂျာမန်စစ်ဗိုလ်ချုပ် ကားလ်ဟောရှောဖား၏ အတွင်းရေးမှူးဖြစ်ခဲ့သည်။ သူသည် မြေပုံများ ဆွဲတတ်သဖြင့် ဗိုလ်ချုပ်အဖို့သာမက ဟစ်တလာအဖို့ပင် မြေပုံများ ဆွဲပေးရလေသည်။ မြေပုံ

mgyoe.com

mgyoe.com


လျှို့ဝှက်စွာရေးဆွဲရန်နှင့် သူလျှိုလုပ်ငန်း ဆောင်ရွက်ရန် သူ့အား ကမ္ဘာအရပ်ရပ်သို့ စေလွှတ်ခဲ့လေသည်။

တစ်ခါက သူသည် အင်္ဂလန်ပြည်သို့ သူလျှိုကိစ္စနှင့် ရောက်လာရာ အင်္ဂလိပ်မကလေးတစ်ယောက်နှင့် တွေ့ကြုံချစ်ခင်မိလေသည်။ မကြာမီ လက်ထပ်ရန် ပြောဆိုကြောင်းလမ်းပြီးနောက် သူသည် ဂျာမနီပြည်သို့ ပြန်နှင့်လေသည်။ မကြာမီ သူ့ရည်းစားသည် ဘာလင်မြို့တော်သို့ လိုက်လာလေသည်။ သူနှင့် အင်္ဂလိပ်မကလေး အိမ်ထောင်ပြုကြတော့မည့်အကြောင်းကို ဗိုလ်ချုပ်နှင့် ဟစ်တလာတို့ သိကြသောအခါ အကြီးအကျယ် စိတ်ဆိုးကြလေသည်။ နိုင်ငံခြားသူကို ယူမည်ကြံခြင်းသည် အပြစ်ကြီးတစ်ရပ် ဖြစ်နေတော့သည်။ သူ့ကို ဆက်လက်ယုံကြည်ရန် မသင့်ဟု ဗိုလ်ချုပ်နှင့် ဟစ်တလာတို့က ဆုံးဖြတ်လိုက်ကြသည်။ ယင်းသို့ ဆုံးဖြတ်ပြီးလျှင် ထောင်ချခြင်းခံရန်သာ ရှိတော့သဖြင့် သူ့အား မိတ်ဆွေတစ်ယောက်က မေတ္တာနှင့် သတိပေးသောကြောင့် သူလည်း ဂျာမနီပြည်မှ ထွက်ပြေးရလေတော့သည်။

သူ ကျွန်တော့်အိမ်တွင် အတန်ကြာ နေသွားလေသည်။ သူသည် ဟစ်တလာ၏ အကြံများကို အကုန်အစင် သိလေသည်။ ထိုအကြံများကို ထုတ်ဖော်ပြောဆိုရန် အသင့်ရှိလေသည်။

ထိုစဉ်က ၁၉၃၈ ခုနှစ်မျှသာ ရှိသေးသည်။ ဂျာမန်လူငယ်သည် ရက်သတ္တနှစ်ပတ်အတွင်းတွင် စာမျက်နှာ တစ်ရာရှိသော အစီရင်ခံစာကို ရေး၍ ကျွန်တော့်အား ပေးလေသည်။ သူ့အစီရင်ခံစာတွင် ဟစ်တလာက စစ်ကို မကြာမီ စ၍ တိုက်တော့မည်ဟု ဆိုထားသည်။ စစ်ကြေညာပြီးသည်နောက် မကြာမီပင်လျှင် နာဇီတို့ ဒိန်းမတ်ပြည်၊ ဖင်လန်ပြည်၊ နော်ဝေးပြည်တို့ကို တိုက်ခိုက်သိမ်းယူလိမ့်မည်ဟု ဆိုသည်။ သူ့အစီရင်ခံစာထဲတွင် ထိုတိုင်းပြည်များ၌ ရှိသော နာဇီသူလျှိုများ

mgyoe.com

mgyoe.com


စာရင်းကို ဖော်ပြထားသည်။

ကျွန်တော်လည်း ထိုလူငယ်အကြောင်းကို သတင်းစာများတွင် ရေးလေသည်။ ထိုဆောင်းပါးမှာ ကမ္ဘာအနှံ့အပြား ရောက်ရှိသော်လည်း မည်သူမျှ ထိုသူပြောသည့် အချက်အလက်များကို မယုံကြည်ကြချေ။ ဆွိဒင်ပြည်က ထိုသူအား နှင်ထုတ်လိုက်သဖြင့် သူ့ခမျာ လက်တင်အမေရိက (တောင်အမေရိက) ပြည်သို့ သွားရောက်နေထိုင်ရရှာသည်။ သူသည် ယခုထက်တိုင် ထိုပြည်၌ ဆက်လက်နေထိုင်လျက်ရှိသည်။

ထိုလူငယ်၏ အစီရင်ခံစာတွင် ပါသော အချက်အလက်များအားလုံး မှန်ကန်လှပေသည်။ မှန်ကန်ကြောင်းကို သူတကာထက် ကျွန်တော်က အလျင် ကြုံ၍သိသည်။ အဘယ်ကြောင့်ဆိုသော် ထိုအစီရင်ခံစာ မိတ္တူတစ်စောင် ပေးပါရန် ရုရှားအရာရှိများက ကျွန်တော့်အား ငွေပေး၍ တောင်းကြသည်။ ဗြိတိသျှနှင့် ပြင်သစ်တို့ကလည်း တောင်းကြသည်။ ကျွန်တော်လည်း သူတို့အားလုံးကို အလုံးစုံဖွင့်၍ ပြောပြလိုက်ပါသည်။

ကျွန်တော်သည် ဘာသာစကားရပ်များ အတော်အတန် တတ်ပါသည်။ ထိုဂျာမန်လူငယ်၏ ဖွင့်ဟချက်များ မှန်ကန်ကြောင်း ကျွန်တော် စုံစမ်းမှုပြုလေလေ ပို၍သိရလေလေ ဖြစ်ပေသည်။ သူ့အစီရင်ခံစာတွင် ပါသော သူလျှိုများစာရင်းကို အကြောင်းပြု၍ ကျွန်တော်သည် သူလျှိုများကို အသီးလိုက်အသီးလိုက် တွေ့ရလေသည်။ ကျွန်တော့်ပယောဂကြောင့် သူလျှိုများစွာတို့ကို ဖမ်းမိလေသည်။

သူလျှိုဖမ်းပေးမှုနှင့် ပတ်သက်၍ ကျွန်တော့်မှာ စိတ်ပျက်ရသည်လည်း များလှလေပြီ။ မိတ်ဆွေတစ်ယောက်က သူ့ညှော်သည်နှစ်ဦးအား ပုလိပ်လက်သို့ အပ်လိုက်သဖြင့် ကျွန်တော့်ကို အတော် စိတ်ဆိုးသွားသည်။ သူ့ခမျာ ဧည့်သည်များအကြောင်း ကောင်းကောင်းမသိရှာချေ။ ထိုသူနှစ်ယောက်ကား အတော်ဆိုးသော ကွန်မြူနစ်သူလျှိုများ ဖြစ်ချေ

mgyoe.com

mgyoe.com


သည်။

ကျွန်တော်သည် အတော်ဖော်ရွေသော စိန် ကျောက် ကုန်သည် တစ်ဦးနှင့် သိကျွမ်းဖူးပါသည်။ ထိုသူသည် သဘောသကာယကောင်း၍ အပေါင်းအသင်းဆံ့လေသည်။ သူသည် စိန်များ၊ ကျောက်များကို ရုရှားလူမျိုးများအတွက် ရောင်းပေးလေသည်။ အချို့က သူ့အား သဘောရိုးနှင့် ရောင်းဝယ်နေသည်ဟု အောက်မေ့ကြသော်လည်း ကျွန်တော်က သူသည် ရုရှားသူလျှိုမှန်း သိရပါသည်။ ကျွန်တော်လည်း ဝတ္တရားအတိုင်း အာဏာပိုင်တို့ကို တိုင်ကြားလိုက်သဖြင့် သူ့ခမျာ ထောင်ထဲသို့ ရောက်သွားရလေသည်။ ကျွန်တော့်ကိုလည်း အပြင်းအထန် ဒေါသဖြစ်လေတော့သည်။

ထိုသစ္စာဖောက်များကို ရှာဖွေဖမ်းဆီးပေးခြင်း၏ အကြောင်းရင်းမှာကား ကျွန်တော်သည် ဒီမိုကရေစီ ထွန်းကားရေးအတွက် အသက်ပေး၍ တိုက်ခိုက်မည့် သူရဲကောင်းတစ်ဦး ဖြစ်သောကြောင့်ပင်တည်း။

ကျွန်တော်ကဲ့သို့ နိုင်ငံခြားသားတစ်ဦးက ဒီမိုကရေစီအတွက် အသက်ပေး၍ ကာကွယ်မည်ဟုဆိုကာ သူလျှိုများကို ဖမ်းဆီးရှာဖွေသော သူလျှိုဆန့်ကျင်ရေးအဖွဲ့သို့ ဝင်၍ ဆောင်ရွက်သည့် အကြောင်းရင်းကို မေးနိုင်ကြပါသည်။ ကျွန်တော့်မိခင်ကြီးနှင့် ဆွေသားမျိုးချင်း ခြောက်ဆယ့်ခြောက်ယောက်တို့အား ဓာတ်ခန်းထဲတွင် သတ်ပစ်ကြသည်ကို ကျွန်တော် ဘယ်သို့လျှင် မေ့ပစ်နိုင်ပါအံ့နည်း။ ကျွန်တော့်ဇနီးသည်အား ဓားစာခံအဖြစ် ဖမ်းယူသွားသည်ကို ကျွန်တော် ဘယ်သို့လျှင် မေ့ပစ်နိုင်ပါအံ့နည်း။ ကျွန်တော်သည် အမေရိကန် ခေါင်းဆောင်ကြီး ဝင်ဒယ်ဝီလ်ကီရေးသော "တစ်ကမ္ဘာ" (One World) စာအုပ်ကို အမေရိကန် လေယာဉ်ပျံပေါ်မှ ချပေးသဖြင့် ဖတ်ရှုရရာ ထိုစာထဲ၌ ပါရှိသော ခေါင်းဆောင်ကြီး၏ စကားများကို ကျွန်တော် ကောင်းစွာ

mgyoe.com

mgyoe.com


မှတ်သားနာယူပါသည်။

ဝါဒစိတ်နှင့် မျိုးချစ်စိတ်တို့သည် လူတိုင်းအဖို့ ထားရှိနိုင်ခွင့်ရှိအပ်သော စိတ်များပင် ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ နယူးယောက်တက္ကသိုလ်ပါမောက္ခ ဆစ်ဒနီဟွတ်ခ်က "ဝါဒကို အရင်းတည်၍ သူလျှိုလုပ်သူတို့သည် သူတို့အဖို့ ငွေကြေးများစွာ မကုန်ရဘဲ ဆောင်ရွက်ပေးလေ့ရှိသည်။ သူတို့သည် အခြားသူလျှိုများထက် ပို၍ အသက်စွန့်ရဲသည်။ ပို၍ ယုံကြည်အားကိုးရသည်။ ကြေးစားသူလျှိုတို့အဖို့ ခက်ခဲနေသော အလုပ်များကို ဝါဒကြောင့်လုပ်သော သူလျှိုများက လွယ်လွယ်ကလေးနှင့် ဆောင်ရွက်လေ့ရှိသည်"ဟု ဆိုလေသည်။ ပါမောက္ခကြီးက ဝါဒကို အရင်းတည်သည်ဟု ဆိုရသော်ငြားလည်း အယူသီး၍ အရမ်းမဲ့ စိတ်အားထက်သန်နေသော သူလျှိုများလည်း ရှိသေးကြောင်း၊ ထိုသူလျှိုများမှာ ရုရှား၏ အဏုမြူသူလျှိုများဖြစ်ကြောင်း၊ ဥပမာ ဟယ်ရီဂိုးလ်ဒင်၊ ကလော့စ်ဖုခ်စ်၊ ကနေဒါလူမျိုး သူလျှိုဖရက်ရို့စ်၊ ဆင်မ်ကား စသည်တို့ပင်ဖြစ်သည်။

သူလျှိုလုပ်ရာ၌ ရည်ရွယ်ချက်ကိုချည်း ဝေဖန်သုံးသပ်နေ၍ ကိစ္စမပြီးသေး။ ရည်ရွယ်ချက်မှာ ဝေဖန်ရန် လွယ်ကူလှသည်။ ဥပမာကျွန်တော်သည် သူလျှိုတို့ကိုဖမ်းသည့် တစ်ဖက်က သူလျှိုလုပ်သောအလုပ်ကို လုပ်၏။ ကျွန်တော်၏ အကြောင်းရင်း ရည်ရွယ်ချက်မှာ အာဏာရှင်စနစ်ဝါဒကို မနှစ်မြို့ဘဲ ဒီမိုကရေစီစနစ်ဝါဒကိုသာ ခင်မင်မြတ်နိုးခြင်း၊ ကျွန်တော့်တိုင်းပြည်နှင့် အမျိုးကို ချစ်ခင်ခြင်း စသည်တို့ဖြစ်သည်။ သို့ရာတွင် ထိုမျှနှင့် မပြီးစီး မပြည့်စုံသေး။ ကျွန်တော်သည် ဤကိစ္စဆောင်ရွက်ရန် ပထမအစည်းအဝေး ကျင်းပသည်ကို မမေ့နိုင်ပါ။ ပုလိပ်ရုံးကြီးထဲတွင် ဆိုင်ရာ အရာရှိကြီးများက ကျွန်တော့်အား အရေးတယူ တိုင်ပင်ဆွေးနွေးကြသည်။ ကျွန်တော်ပေးသည့် သတင်း

mgyoe.com

mgyoe.com


များမှာ အလွန် အဖိုးတန်ကြောင်း၊ အရေးကြီးကြောင်း သူတို့က ပြော သဖြင့် ကျွန်တော် သွေးမြောက်သွားပါသည်။ သူတို့က ကျွန်တော့်အား ကူညီစောင့်ရှောက်မည်။ အကာအကွယ်ပေးမည်ဟုဆိုလျှင်ပင် ကျွန်တော် မှာ အတော် အားရှိသွားပါသည်။ "ငါလိုချင်ရာရမယ်။ ငွေလိုချင်ရင် ငွေရမယ်။ ပြီးတော့ နိုင်ငံရေးမှာ ငါ တန်ခိုးသြဇာရှိမယ်" ဟူသော စိတ်ထားမျိုး ဝင်လာပါတော့သည်။ အရာရှိကြီးများကလည်း လုပ်အား ရှိအောင် တကယ်တမ်း စောင့်ရှောက်ပါပေသည်။ ကျွန်တော့်ကို အကြောင်းပြု၍ ကျွန်တော့် ဆွေသားမျိုးချင်းများ၊ ယောက်ဖ၊ ခယ်မ၊ မရီးများပင်လျှင် ဆွီဒင်ပြည် အရာရှိကြီးများ၏ ပယောဂကြောင့် ဟစ် တလာ၏ သေတွင်းမှ လွတ်လာကြရလေသည်။

ကျွန်တော် မှတ်မိနေသေး၏။ အလွန်အေးချမ်းသော ဆောင်း တွင်း ညနေစောင်းတွင် ကျွန်တော့်မှာ အရာရှိများနှင့် သုံးနာရီခန့် ဆွေး နွေးရသဖြင့် သွေးမြင့်ပြီးလျှင် ခေါင်းပူနေလေသည်။ ကျွန်တော် ပထမ ဦးစွာ ပေးလိုက်သောသတင်းမှာ ဖြောင့်ဖြောင့်တန်းတန်း ဖြစ်သွားပေ သည်။ ကျွန်တော် သတင်းပေးလိုက်သော သတင်းတစ်ခုကြောင့် စစ် ဒုက္ခသည် ဟန်ဆောင်နေသော ဆိုဗီယက်သူလျှိုတစ်ယောက်ကို ဖမ်းမိ လေသည်။ ထိုသူလျှိုမှာ ကျွန်တော့်ထံမှ သတင်းကို ငွေပေး၍ ဝယ်ယူ ရန် ကြိုးစားသူပင်ဖြစ်သည်။ သူနှင့်ကျွန်တော် ညစာစားရန် ချိန်းထား ပြီးလျှင် ကျွန်တော်က စုံထောက်များကို အကြောင်းကြားထားသဖြင့် ကျွန်တော်တို့နောက်သို့ စုံထောက်များ လိုက်လာကြသည်။ ထိုအခိုက် တွင် အချို့စုံထောက်များက ထိုသူ၏ ဟိုတယ်တည်းခိုခန်းထဲသို့ ဝင်၍ ရှာဖွေကြရာ လျှို့ဝှက်သော အက္ခရာစာတန်းတစ်ခုနှင့် စာတစ်စောင်ကို တွေ့ကြသည်။ ထိုစာ၏ အလိုအားဖြင့် ယင်းသူလျှိုသည် တစ်လလျှင် ဒေါ်လာနှစ်ရာ မှန်မှန်ရကြောင်း သိကြရသည်။ ယင်းသည်ကား အလွန်

mgyoe.com

mgyoe.com


ပင် ကြောက်စဖွယ်ကောင်းလှသည့် သူလျှိုဖြစ်ချေသည်။

ဤအဖြစ်အပျက်ကလေးမှာ ကျွန်တော့်အား အနည်းနည်းဖြင့် ထိခိုက်လေတော့သည်။ ထိုသူလျှိုကို ဖမ်းပြီးခါမှ ကျွန်တော်သည် သူ့အတွက် ဝမ်းနည်းနေမိသည်။ သူလျှိုများအား လူမသမာများအဖြစ် ထောင်တွင်းသို့ ချရခြင်းမှာ တရားနည်းလမ်းကျ၍ ဝမ်းနည်းစရာ မဟုတ်ကြောင်းသိပါ၏။ သို့သော် ကျွန်တော်တို့ဘက်က တရားရာကျသည်ဟု သာ ဆိုရသည်။ သူတို့ဘက်ကနေ၍ကြည့်လျှင် တစ်မျိုးဖြစ်နေချိမ့်မည်။ ထိုသူ့အား ဖမ်းပြီးမှ ကျွန်တော် ဝမ်းနည်းမိသည်၏ အကြောင်းရင်းမှာ ကား ထိုသူသည် အဖိုးတန်သော ဆရာဝန်တစ်ဦးလည်း ဖြစ်ပေသေးသည်။

ထိုသူလျှို၏အမည်မှာ 'ဝိလီကားနစ်' ဖြစ်သည်။ ကားနစ်သည် ဟစ်တလာ အာဏာရှင်ဖြစ်သောအခါ ဂျာမနီမှ ထွက်ပြေးရသည်။ သူ့၌ အသက်ဆယ့်လေးနှစ်အောက် မိန်းကလေးများအား ရာဂစိတ်ဖြင့် ချစ်ခင်တတ်သော ညဉ်ဆိုးကလေးရှိလေသည်။ သူ့ကိုယ်သူ လိင်ပညာပြုပြင်ရေး ဆရာတစ်ဦးဟုဆိုသည်။ ကားနစ်သည် ဂျာမနီပြည်မှ ပြေး၍ ပရပ်မြို့ ရောက်လာလေသည်။ ထိုမြို့တွင် ငတ်တစ်လှည့် ပြတ်တစ်လှည့်နှင့်နေရင်း လိင်ပညာပြုပြင်ရေး စာရွက်စာတမ်းများရေး၍ ထုတ်ဝေကာ ငွေကြေးပေါများသော မိန်းမကြီးများနှင့် ကျွမ်းဝင်အောင် ကြိုးပမ်းလေသည်။ မိန်းမကြီးများမှာ သူ့ကို နှစ်သက်ကြသည်။ တစ်ဦးသော မိန်းမကြီးမှာမူ သူနှင့် အိမ်ထောင်ပြုရန် စကားများပင် စ၍ ပြောလာလေသည်။

ကားနစ်အဖို့ အိမ်ထောင်ပြုခြင်းသည် သူ့အကြံကို ချက်ချင်း အောင်မြင်အောင် မဖန်တီးနိုင်သဖြင့် သူသည် ပွဲပေါက်တိုးအောင် ကြိုးစားလေသည်။ တစ်နေ့၌ သူသည် လှပသော ချက်အမျိုးသမီးကလေး

mgyoe.com

mgyoe.com


တစ်ယောက်နှင့် ချိန်း၍ တွေ့ပြီးလျှင် သူငယ်မအား ထင်သလို ပြုကျင့်ပြီးနောက် သူ့ပိုက်ဆံအိတ်ကလေးကို ခိုးယူလိုက်လေသည်။ ထိုအမှုကြောင့် သူသည် ထောင်ဒဏ်တစ်နှစ်နှင့် ထောင်သက်ကုန်သောအခါ ပြည်နှင်ဒဏ်ကိုပါ ရလေသည်။

ချက်ကိုစလိုဗေကီးယားမှ ပြည်နှင်ထုတ်လိုက်သဖြင့် ကားနစ်သည် ဆွီဒင်ပြည်သို့ သွားလေသည်။ သူသည် စစ်ပြေးစောင့်ရှောက်ရေးအဖွဲ့များသို့ သွား၍ သူ့အကြောင်းကို သနားစဖွယ်ဖြစ်အောင် လှည့်ပတ်၍ ပြော၏။ သို့သော် ဆွီဒင် ပုလိပ်တို့သည် သူ့အကြောင်းကို ထောက်လှမ်းစုံစမ်း၍ သိနှင့်ပြီးဖြစ်ချေသည်။ ချက်ကိုစလိုဗေကီးယားပြည်မှ သူ့အမှုတွဲကို တောင်းယူကြည့်ရှုပြီးနောက် သူ့အား တိုင်းပြည်တွင် မလိုအပ်သော နိုင်ငံခြားသားတစ်ယောက်အဖြစ်နှင့် နှင်ထုတ်ရန် ဆုံးဖြတ်လိုက်ကြသည်။

ပုလိပ်က အမြဲတမ်းလိုက်နေသော စစ်ပြေးအဖြစ် ကားနစ်သည် သနားစဖွယ် ဟန်ဆောင်ကာ အကူအညီလျှောက်၍ တောင်းလေရာ မက်သဒစ်ခရစ်ယာန် သာသနာပြုဆရာတစ်ဦးက သူ့အား သနားသဖြင့် တူရကီပြည်သို့သွားရန် ခရီးစရိတ် ထောက်ပံ့မည်ဟု ကတိပေးလိုက်သည်။ သာသနာပြုဆရာကြီးလည်း သူ့အား အိမ်သို့ဖိတ်ခေါ်၍ အကြောင်းစုံ မေးမြန်းစုံစမ်းလေသည်။ ကားနစ်မှာ အပြောတော်သူတစ်ယောက် ဖြစ်ရကား ဆရာကြီးက ကျေနပ်၍ "မောင်ရင့် ဒုက္ခတွေကို ကျုပ် နားလည်ပါပြီ။ တူရကီပြည်မှာ အေးအေးချမ်းချမ်း နေချေတော့။ ခရီးစရိတ်နဲ့ သုံးဖို့ငွေ နည်းနည်းလည်း ပေးလိုက်ဦးမယ်" ဟု ကတိထပ်၍ ပေးလိုက်သည်။ ကားနစ်အဖို့ တော့လွဲကလေး ဖြစ်လိုက်ပုံမှာ သာသနာပြုဆရာကြီးအား ကျေးဇူးတင်စကား ပြောပြီးလျှင် အိမ်မှ ပြန်အသွားတွင် သူ့လက်ကိုင်သားရေအိတ် မေ့ကျန်ခဲ့ရာ ဆရာကတော်ကြီး

mgyoe.com

mgyoe.com


က မည်သူ့သားရေအိတ်ဖြစ်သည်ကို မသိသဖြင့် ဖွင့်၍ကြည့်ရာ အိတ်ထဲတွင် မတော်မလျော် ကာမရာဂ ဓာတ်ပုံများနှင့် ညစ်ညမ်းသော စာရွက်စာတမ်းများကို တွေ့ရလေသည်။

ဆရာကြီးလည်း သူ့ကတိကို ချက်ချင်းပြန်၍ ရုပ်သိမ်းလေရာ ကားနစ် မတတ်သာသည့် အဆုံး၌ ဆွီဒင်အစိုးရက သူ လာရင်း၌ာန ဖြစ်သော ချက်ကိုစလိုဗေးကီးယားပြည်သို့ ပြန်ပို့ခြင်းကို မငြင်းဆန်ဘဲ လိုက်သွားရလေတော့သည်။

ယင်းသို့ ဖြစ်ပျက်ပြီးသည့်နောက် ခြောက်လခန့်ကြာသောအခါ အတိတ်ကို အားလုံးက မေ့ပစ်လိုက်ကြသဖြင့် လူခပ်ဝဝတစ်ယောက် ဆွီဒင်ပြည်သို့ မည်သူကမျှ မတားဆီးဘဲ ဝင်လာလေသည်။ ထိုသူမှာ ကြေးရတတ် ချက်လူမျိုး ဘက်ဒရစ်ဂျဒါနီဖြစ်သည်။ သူသည် ပထမတန်း ဟိုတယ်ကြီးတစ်ခုတွင် တည်းခိုလေသည်။ သူ့အကြောင်းကို ပုလိပ်တို့ ကောင်းစွာ မသိကြချေ။ ကုန်သည်ကြီးတစ်ဦးဟု အောက်မေ့နေကြ၏။ သူ့အခန်းသို့ ဧည့်သည် နှစ်ဦး သုံးဦးလာ၍ စကားပြောသည်ကို မြင်လိုက်ကြရသည်။

ထို သူဌေးဂိုက်ဖမ်းလာသော ချက်လူမျိုး ကုန်သည်ကြီးမှာကား အခြားမဟုတ်၊ ကားနစ်ပင်ဖြစ်ချေသည်။ သူသည် သူလျှိုအဖြစ်နှင့် ငွေကို ရေလိုသုံးနိုင်သဖြင့် သူဌေးယောင်ဆောင်ကာ ဆွီဒင်ပြည်သို့ ပြန်ဝင်လာခြင်း ဖြစ်သည်။ သူလာရသည့် အကြောင်းရင်းကား စစ်ပြေးစခန်းများတွင် စစ်ပြေးဒုက္ခသည်များထဲမှ သူလျှိုများ ခန့်ထားကာ သူလျှိုလုပ်ငန်း အကြီးအကျယ် လုပ်ကိုင်ရန်ပင်ဖြစ်သည်။ သူသည် စစ်ပြေးသုံးဦးအား ဟိုတယ်သို့ ဖိတ်ခေါ်ပြီးလျှင် သူ့အကြံကို ဖွင့်ပြောလိုက်လေသည်။ သူက သူ့ကိုယ်သူ ချက်ပြည်ရှိ သတင်းစာတစ်စောင်တွင် သတင်းထောက် လုပ်နေဟန်ဖြင့် ဂျာမန်သဘော်များ အဝင်အထွက်

mgyoe.com

mgyoe.com


ကို စုံစမ်းလေသည်။ ဆွီဒင်မှ လက်နက်များကို ဂျာမနီသို့ မည်မျှ တင်ပို့ရကြောင်းလည်း သူ သိချင်သည်။ ဆွီဒင်နှင့် ဂျာမနီ၊ ရုရှားတို့ ကူးသန်းရောင်းဝယ်ရေး အဆက်အသွယ် မည်မျှရှိသည်ကိုလည်း သိချင်သည်။

ကားနစ်သည် သူ့ဧည့်သည်များအား သူ မည်သည့်တိုင်းပြည် အတွက် သူလျှိုလုပ်နေကြောင်း မရှင်းလင်းအောင် ရုရှားအတွက်လိုလို၊ ပြင်သစ်အတွက်လိုလို၊ ဂျာမနီအတွက်လိုလို၊ ထိုသုံးပြည်ထောင်လုံး အတွက်လိုလို လှည့်ပတ်၍ ပြောဆိုလေသည်။ သူ့ဧည့်သည်များမှာမူ သူ့စကားကို နားလည်အောင် စဉ်းစားဝေဖန်ရန်ပင် အချိန်မရရှာတော့ဘဲ ထောင်ထဲသို့ သူနှင့်အတူ ရောက်သွားကြရလေသည်။

ကားနစ် ထောင်ထဲသို့ ရောက်ရသည်မှာ ကျွန်တော့်ပယောဂ ကြောင့်ပင်ဖြစ်သည်။ သို့ရာတွင် သူ့အတွက်ကား ကျွန်တော် အနည်းငယ် ဝမ်းနည်းမိပါ၏။ ထိုသူသည် သူလျှိုလုပ်သည့်အတွက် အပြစ်ရှိ သူတစ်ဦး ဖြစ်သည် မှန်ပါ၏။ သို့သော် သူ့စိတ်မှာ ကောင်းစွာ မနံ့ဘဲ ရာဂုမ္မတ္တကဖြစ်နေသောကြောင့် ထောင်ထဲတွင် အကျဉ်းထားမည့်အစား စိတ်ကျန်းမာရေးဆေးရုံတွင် ကုသပေးဖို့သာ ကောင်းလှတော့သည်။

*

"သစ္စာဖောက်ခြင်း၏ အဓိပ္ပာယ်" (Meaning of Treason) စာအုပ်ကို ရေးသော စာရေးဆရာမကြီး ရီဘက်ကာ ဝက်စ်ထ်က လွန်ခဲ့သော ဆယ်နှစ်က ဖမ်းဆီးရရှိ၍ အပြစ်ပေးလိုက်ကြရသော သူလျှိုနာမည်ကြီးများမှာ အားလုံးပင် စိတ်ရောဂါ စွဲကပ်နေသူများဖြစ်သည်ဟု ရေးသားလေသည်။

သူတို့သည် စိတ်နှင့်ပတ်သက်၍ ချွတ်ယွင်းချက် တစ်ခုခုရှိသူ

mgyoe.com

mgyoe.com


များဖြစ်သည်။ "စိတ်ရောဂါရှင်သာလျှင် မိမိ၏ တိုင်းပြည်အကျိုး ပျက်စီးရာ ပျက်စီးကြောင်းကို မဆိုင်းမတွ ဆောင်ရွက်ချေမည်။ သူသည် ကိုယ့်တိုင်းပြည်ကို ဝါးမျိုမည့် အိမ်နီးချင်းနိုင်ငံ၏ အထောက်အပံ့ မဏ္ဍိုင်ကြီးတစ်ခုဖြစ်စေရန် ဘုရားသခင်က ညွှန်ကြားတော်မူထားသကဲ့သို့ သူလုပ်သော သစ္စာဖောက်မှုမှာ မှန်ကန်၍ တရားလမ်းကျသည်ဟု ယုံကြည်လေသည်။ သူ့၌ လူ့လောကတစ်ခွင်တွင် ရှိသမျှ လူအပေါင်းအား မုန်းတီးသောစိတ်ထား ရှိချေသည်" ဟု စာရေးဆရာမကြီးက ရေးသားလေသည်။

အဏုမြူဖုံး သူလျှိုများဖြစ်သော အဓိကရ လောကဓာတ်ပညာ ဆရာကြီးများ စိတ်ထားကို ကြံဆရန် အတော်ပင် ခက်ခဲလှချေသည်။ ထိုပုဂ္ဂိုလ်ကြီးများသည် အနုညာတလူစားမျိုးမဟုတ်။ လောကဓာတ်ပညာ ဆည်းပူးလိုက်စားခြင်းဖြင့် မြင့်မြတ်သောစိတ်ထားများ ထားရှိကြသည်သာ များလှ၏။ သို့ပါလျက်နှင့် ထိုသူများထဲမှ မိမိတို့၏ လောကဓာတ်ပညာကိုမျှ မထောက်ထား၊ မိမိတို့၌ ထားရှိမြဲဖြစ်သော လူသတ္တဝါ ဝေနေယျတို့အပေါ်၌ ရှိသော မေတ္တာတရားကိုမှ မလေးစားဘဲ သစ္စာဖောက်ကာ ရန်သူအား လောကဓာတ်ပညာ၏ လျှို့ဝှက်ချက်များကို ပေးလိုက်သည်ကို တွေ့ကြရတော့သည်။

ယခုခေတ်ရှိ သူလျှိုတို့၏ စိတ်ထားကို ဝေဖန်ပိုင်းစိတ်လိုက်ပါမူ စွန့်စားခြင်းကို ကြိုက်နှစ်သက်သော သဘောမှသည် တကယ့်စေတနာ မေတ္တာအထိသော်လည်းကောင်း၊ အာဃာတ တရားမှသည် ငွေမက်သော လောဘတရားအထိသော်လည်းကောင်း အမျိုးမျိုးခွဲခြား၍ တွေ့ရတော့သည်။ သူလျှိုများ၌ စိတ်ထားတစ်မျိုးရှိကြသည်။ သာမန်ပုဂ္ဂိုလ်များ၏ စိတ်ထားမျိုး၊ အမြင်မျိုးမဟုတ်ချေ။ အချို့သော သူလျှိုများ၏ စိတ်ကို စိစစ်ဝေဖန်ကြည့်လိုက်လျှင် သူတို့၌ စိတ္တဇရောဂါဟူ၍ ရွေးမျှ

mgyoe.com

mgyoe.com


ပင်မရှိကြောင်း တွေ့ရချေသည်။

သူလျှိုများတွင် အချို့၌ စိတ်ချို့ယွင်းမှု မရှိသော်ငြားလည်း သစ္စာဖောက်သမား ရန်သူ့လက်ပါးစေများမှာမူ စိတ်ချို့ယွင်းချက် တစ်ခုခုရှိသည်ကို တွေ့ရပေသည်။ နော်ဝေးပြည်ကြီးတစ်ခုလုံးကို ဟစ်တလာအား ရောင်းစားလိုက်သော မေဂျာကွစ်စလင်း၌ ကာလသားရောဂါရှိကြောင်း၊ ထိုရောဂါမှာ ဆိုးဝါးပြင်းထန်သောအခြေသို့ ရောက်ရှိ၍ ရောဂါသည်အား ဘဝင်မြင့်ရောဂါ စွဲကပ်စေလျက်ရှိကြောင်း နော်ဝေးပြည်ဆရာဝန်ကြီးများက တညီတညွတ်တည်း ဆိုကြလေသည်။

ကျွန်တော့် ကိုယ်တွေ့သဘောကို ပြောပြရပါမူ စိတ်ချွတ်ယွင်းမှုရှိသောသူများနှင့် ကိုယ်အင်္ဂါ ချွတ်ယွင်းသူများသည် သူလျှိုများ၊ သစ္စာဖောက်များအဖြစ် ဆောင်ရွက်ကြလေသည်။

မကြာသေးမီက အပြစ်ပေးခံရသော အဏုမြူဗုံးသူလျှိုဖြစ်သည့် ကမ္ဘာကျော် လောကဓာတ်ဆရာကြီး ကလော့ဖုခ်စ်၏ စိတ်ထားနှင့် အကျင့်စာရိတ္တကို သူ့အမှုတွင် ဝင်၍ သက်သေခံရသော အင်္ဂလိပ်စိတ်ရောဂါကု နာမည်ကျော် ဆရာဝန်ကြီး ဒေါက်တာ ဂလိုဗားက အောက်ပါအတိုင်း ထွက်ဆိုသွားလေသည်။

"သူ့စာရိတ္တမှာ လူမှုဆက်ဆံရေးနှင့် ဆန့်ကျင်သော အပြုအမူများပါရှိပါသည်။ သူသည် သူ့ကိုယ်သူ အပြစ်ဆို၍ ရွေးတစ်ခြမ်းမျှ မတင်မရှိဟု ထင်သည်။ သူလုပ်သမျှ အလုပ်ကို အကြောင်းပြု၍ ဂုဏ်ယူတတ်သည်။ မာနကြီးသည်။ သူ့အား စာရိတ္တပြုပြင်၍ မရနိုင်သူဟူ၍ ခေါ်ရပါမည်"

ဒေါက်တာဂလိုဗားက သူလျှိုများ၊ သစ္စာဖောက်များအကြောင်း ယေဘုယျသဘောအားဖြင့် ဝေဖန်မြွက်ဆိုသွားလေသည်။

"စစ်အတွင်းက နာမည်ကျော် သစ္စာဖောက် ကွစ်စလင်းမှာ

mgyoe.com

mgyoe.com


ကလေးစိတ်မျိုးရှိသော လူတန်းမစေ့သူတစ်ဦးဖြစ်သည်။ သစ္စာဖောက်များသည် ဆရာ့ကိုမုန်း၍ ဆရာ့နောက်ကွယ်တွင် အပြစ်တစ်ခုခု လုပ်လိုသော်လည်း ဆရာ့ဂရုစိုက်ခြင်းကိုလည်း အထူးလိုလားသောကျောင်းသားငယ်နှင့် တူကြချေသည်"ဟု ဂလိုဗားက ဆိုလေသည်။

လောကဓာတ်ဆရာကြီး ဒေါက်တာဖုခ်စ်(အဏုမြူသူလျှို)၏ စိတ်ကို ခွဲခြားဝေဖန်လိုက်ပါမူ အောက်ပါအချက်ကြီးသုံးချက်ကို တွေ့ရှိရလေသည်။

(၁) သူ့၌ စိတ်ချွတ်ယွင်းမှု တစ်ခုခုရှိသလော။
**မရှိပါ။**

(၂) သူသည် သာမန်လူတို့နှင့် အမှုကွဲပြားပါသလော။
**မကွဲပြားပါ။**

(၃) သူသည် သူလုပ်သောအလုပ်ကို မှန်သည်ဟု ယုံကြည်ပါသလော။
**ဟုတ်ကဲ့၊ ယုံကြည်ပါသည်။**

ထိုပုဂ္ဂိုလ်၏ ကိုယ်ရေးကိုယ်ရာအကြောင်းများကို အမှုစစ်ဆေးရာတွင် ထုတ်ဖော်၍ ပြောဆိုခြင်း မရှိခဲ့သော်လည်း သူ့နှမတစ်ယောက်မှာ သူ့ကိုယ်သူ အဆုံးစီရင်ခဲ့ကြောင်းနှင့် အခြားတစ်ယောက်မှာ စိတ်ကျန်းမာရေးဆေးရုံတွင် ယခုထက်တိုင် ရှူးလျက်ရှိသေးကြောင်း စုံစမ်းသိရှိရသည်။

*

ယခုခေတ် သူလျှိုများမှာ ရှေးခေတ်သူလျှိုများနှင့် လားလားမျှ မတူချေ။ လှပ၍ ရှုပ်ပွေသော မာတာဟာရီကဲ့သို့ ပျိုမေချောများအစားရုပ်ရည်အားဖြင့် မပြောပလောက်သော အိမ်ရှင်မနှင့်တူသည့် မထင်မရှား

mgyoe.com

mgyoe.com


မိန်းမများကို သူလျှိုအဖြစ် တွေ့ရတော့သည်။ ယောကျ်ား သူလျှိုများမှာလည်း ရှေးကကဲ့သို့ မုတ်ဆိတ်ဖွားဖွားနှင့် မျက်မှန်ကြီးတပ်ကာ ဓာတ်ပုံရိုက်နိုင်သော လက်ကိုင်တုတ်ကို မကိုင်တော့ချေ။ ဆရာဝန်၊ အင်ဂျင်နီယာ၊ လောကဓာတ်ဆရာ စသည့် သာမန်ပုဂ္ဂိုလ်တို့ပင် ဖြစ်ချေသည်။ ရှေးခေတ်က လျှို့ဝှက်သော ရေစာဖြင့် ရေး၍ သတင်းများ ပေးပို့သော်လည်း ယခု အသံလွှင့်ဓာတ်ခွက်နှင့် တိုက်ရိုက်ပြောလိုက်ပေသည်။ မိမိတို့အလိုရှိသော ပုဂ္ဂိုလ်များ၏ ပြောစကားများကိုသာ မှတ်သား၍ သတင်းပေးနိုင်သည်သာမက ပြောသူ၏ အသံအတိုင်း ကြားရအောင်၊ ရုပ်အတိုင်းမြင်ရအောင် ခေတ်သစ်နည်းများ ရှိနေပြီ။ ယင်းသို့ လောကဓာတ်ပညာ၏ တိုးတက်မှုကြောင့် သူလျှိုလုပ်ငန်း၌ အစစအရာရာတွင် တိုးတက်မှု ရှိသော်ငြားလည်း သူလျှိုလုပ်ခြင်း၏ ရည်ရွယ်ရင်း သဘောထားမှာကား မပြောင်းလဲချေ။ ရှေးကအတိုင်းပင် ဖြစ်တော့၏။

သူလျှိုလုပ်ငန်းမှာ ရှေးရာဇဝင် အစဉ်အဆက်ကပင် ပေါ်ပေါက်ထွန်းကားခဲ့သော လက်ဟောင်းလုပ်ငန်းကြီးတစ်ခုဖြစ်လေသည်။ ရှေးခေတ်က စစ်ပရိယာယ်များတွင် သူလျှိုလုပ်ငန်းသည် အရေးပါ အရာရောက်လှပေသည်။ ရှေးခေတ်က စစ်သားများကို မြင်းရုပ်ကြီးထဲတွင် ထည့်၍ ရန်သူမြို့ထဲသို့ ဆွဲယူသွားစေခဲ့သည်။ စစ်သားများကို ဂျုံအိတ်များတွင် ထည့်၍ ချုပ်ပြီးလျှင် ဂျုံအိတ်အဖြစ် ရန်သူနယ်အတွင်းသို့ တင်ပို့စေခဲ့သည်။ ယင်းနည်းများနှင့် သဘောချင်းမကွာခြားသော ယခုခေတ်နည်းများမှာ ရန်သူနယ်ထဲသို့ လေယာဉ်ပျံပေါ်မှ လေထီးနှင့် ခုန်ချ၍ဝင်ခြင်း၊ စစ်သားများကို လေယာဉ်ပျံတွဲကြီးများနှင့် လွှတ်လိုက်ခြင်း စသည်တို့ကို ပြုလုပ်ပေသည်။

သူလျှိုများကြောင့် စစ်နိုင်ရသည့် အထောက်အထားများလည်း ရာဇဝင်အစောင်စောင်တွင် ထင်ရှားစွာတွေ့ရသည်။ သစ္စာဖောက်မှုများ

mgyoe.com

mgyoe.com


လည်း သူလျှိုမှုများနှင့် အလားတူ ပေါများလှသည်။ သစ္စာဖောက်များ၏ ပယောဂကြောင့် ရန်သူ စစ်အောင်ရခြင်း အထောက်အထားများလည်း များစွာပင်ရှိချေသည်။

ဂျာမန် နာဇီတို့ ကိုးကွယ်သော ဂျာမန်ရာဇဝင်တွင် ထင်ရှားသည့် ဖရက်ဒရစ် ဘုရင်ကြီးသည် သူလျှိုလုပ်ငန်းကို စနစ်ကျကျ တည်ထောင်ခဲ့ပေသည်။ နာဇီတို့လည်း ထိုဘုရင်ကြီး၏ စနစ်ကိုယူ၍ သူလျှိုလုပ်ငန်းကို အကြီးအကျယ် တည်ထောင်ဖွင့်လှစ်ခဲ့ကြပေသည်။ ဖရက်ဒရစ်၏ နည်းအရ သူလျှိုလေးမျိုး ခွဲခြားနိုင်သည်။

(၁) ငွေကလေး ကြေးကလေး အနည်းငယ်စားရလျှင် ကျေနပ်သော သူဆင်းရဲမျိုးထဲမှ သူလျှိုများ။

(၂) နှစ်ပြည်ထောင်ခွ၍ အမှုတော်ထမ်းနေသော ခွတုတ်သူလျှိုများ။ (ထိုသူလျှိုများအား ရန်သူတို့ မျက်စိမှားစရာ မမှန်သတင်းများ ပို့စေရာ၌ အသုံးပြုရသည်။)

(၃) ငွေကြေး မြောက်မြားစွာ တောင်းသော အထက်တန်းအရာရှိသူလျှိုများ။

(၄) မိမိတို့ အလိုအလျောက်မဟုတ်ဘဲ အတင်းအဓမ္မခိုင်း၍ လုပ်နေရသော သူလျှိုများ။

သူလျှိုမှန်သမျှမှာ ဂုဏ်ပြုခြင်း၊ ချစ်ခင်ခြင်း ဘယ်သောအခါမျှ မခံကြရချေ။ နပိုလီယံသည် သူ၏ လက်ရုံးသူလျှို ရှုမီးစတားအား ဂုဏ်ထူးဆောင်တံဆိပ် မချီးမြှင့်နိုင်ဟု တောက်တောက်ခါးခါး ငြင်းပယ်လိုက်လေသည်။ နပိုလီယံက ရှုမီးစတားလိုချင်ရာ ပေးရန်အသင့်ရှိကြောင်း၊ ဆုငွေတစ်သန်းမျှ လိုချင်လျှင်လည်း မငြင်းမဆန် အမြန်ပေးမည်ဖြစ်ကြောင်း၊ သို့သော် သူလျှိုအား ဂုဏ်ထူးဆောင် တံဆိပ်ကလေးကိုတော့ ဘယ်နည်းနှင့်မျှ မပေးနိုင်ကြောင်း ပြောလိုက်လေသည်။

mgyoe.com

mgyoe.com


သူလျှိုများထဲတွင် ရာဂုမ္ဘတ္တကများမှသည် တစ်ကျပ်တစ်ပြားရလျှင် တော်ပါပြီဆိုသော အပေါစားများအထိ အမျိုးမျိုးရှိသည်။ အချို့က သာမန်လူအဖြစ်နှင့် လူအများ ဂရုပြုခြင်း မခံရသဖြင့် လူတစ်လုံး၊ သူတစ်လုံးဖြစ်စေတော့ဟူသော သဘောနှင့် သူလျှိုလုပ်ကြသည်။ အချို့က မိမိကိုယ်ကိုယ် မိမိတော်သည်ဟု အထင်ကြီး၍ သူလျှိုလုပ်ကြသည်။ အချို့ကမူ အနေချောင်၊ အစားချောင်သဖြင့် သူလျှိုလုပ်ကြသည်။

အချို့သူလျှိုများမှာ စိတ်တည်ကြည်ခြင်း မရှိချေ။ ရန်သူဘက်က မိသွားသောအခါ ရန်သူဘက်မှနေ၍ သူလျှိုပြန်လုပ်ပေးပါမည်ဟု ကတိပေးကြသည်။ မိမိဘက်က အခြေအနေ အကြောင်းအရာတို့ကိုလည်း ဖမ်းထားသူတို့ ကျေနပ်၍ မိမိအား ပစားပေးစေခြင်းငှာ ဖွင့်၍ ပြောပြလေ့ရှိကြသည်။ ဟာဝေယံကျွန်း၊ ပါးလ်ဟာဘားသင်္ဘောဆိပ်သို့ ဂျပန်လေယာဉ်ပျံများ ရုတ်တရက် ဝင်ရောက်ဗုံးကြဲစဉ်က လက်နိပ်စတ်မီးနှင့် အချက်ပြသော ပါမောက္ခ ဒေါက်တာ ကူဟင်က ယင်းအားဖမ်းမိသောအခါ အမေရိကန်ဘက်မှ သူလျှိုလုပ်ပါမည်ဟု သေဘေးကိုကြောက်၍ ကတိပေးလေသည်။ သူသည် သူ့အဘက်ဘေးလွတ်ရန် သူ့လက်အောက်ငယ်သားများအပေါ်တွင် သစ္စာဖောက်ကာ အလုံးစုံဖွင့်၍ ပြောလိုက်လေသည်။

အချို့မှာ သေရမှာကို သတ္တဝါတစ်ဦးအနေနှင့် ကြောက်ရွံ့သော်လည်း “ငါသေရင် နာမည်ကြီးမည်” ဆိုသော မာနကလေးက ထိုအကြောက်ကို ဖုံးလွှမ်း၍ လှည့်စားထားသောကြောင့် သေရမှာကို တကယ်တမ်း မကြောက်ဟန် ပြနိုင်ကြလေသည်။

သူလျှိုဘဝမှာ ငွေကို ရေလိုသုံးပြီးလျှင် စွန့်စားခန်းအမျိုးမျိုးနှင့် ကြုံတွေ့ရသည်ဟု အများက ထင်ကောင်းထင်ပေမည်။ သို့ရာတွင် သူလျှိုဘဝမှာ ထင်ကြေးကိုက်အောင် ကောင်းလှသည်မဟုတ်ချေ။

mgyoe.com

mgyoe.com


အချို့သော ကွန်မြူနစ်သူလျှိုများ၊ နာဇီသူလျှိုများသည် အခကြေးငွေ မယူဘဲ ပါတီ၏ ခိုင်းစေချက်အတိုင်း လုပ်ကြရသည်။

တစ်ခါက ယော်လ်တာ စာချုပ်နှင့် တီဟီရန်စာချုပ် မူနစ်ခုကို ကူးယူပေးသော သူလျှိုအား ဒေါ်လာနှစ်သိန်းခွဲ ပေးလိုက်လေသည်။ သို့ရာတွင် သူလျှိုခမျာမှာ ဆင့်ပြားကလေး တစ်ပြားဖိုးမျှ အကျိုးမခံစားရရှာချေ။ အကြောင်းသော်ကား ပေးသော ဒေါ်လာများမှာ ဒေါ်လာတု ဖြစ်နေသောကြောင့်ပင်။

အချို့သောနာမည်ကြီး သူလျှိုများမှာ အငတ်ငတ်အပြတ်ပြတ် နေကြရရှာသည်။ အမေရိကန်ပြည်ရှိ ရုရှားသူလျှိုများအနက် ခေါင်းဆောင်ဖြစ်သော ဂါးဟက်အိုင်ဇလားမှာ နယူးယောက်မြို့တွင် ဆင်းဆင်းရဲရဲ နေရသည်။ မူဆိုလီနီ၏ အပျော်မယားလည်း မှန်၏။ အားကိုးလောက်သော သူလျှိုမလည်း ဟုတ်၏ဟု ဆိုရသော မက်ဂဒါဖောင်တိန်ဂျက်စ်သည် တစ်လလျှင် ၄၂ ဒေါ်လာခွဲမျှနှင့် နေခဲ့ရရှာသည်။

များစွာသော နာမည်ကြီး သူလျှိုများသည် ငွေမက်သူများ မဟုတ်ချေ။ အချို့က စွန့်စားရသည်ကို ကျေနပ်သာယာနေကြသည်။ အချို့က မျိုးချစ်စိတ် ထက်သန်လွန်း၍ သူလျှိုလုပ်ကြသည်။ အချို့ကမူ ဝါဒတစ်ခုခု၌ ပြင်းထန်စွာ သက်ဝင်ယုံကြည်သောကြောင့် အသက်ကို ပဓာနမထားဘဲ စွန့်စား၍ သူလျှိုလုပ်ကြသည်။

လူသတ္တဝါအပေါင်းတို့သည် အချင်းချင်း ယုံကြည်မှုကင်းမဲ့ကာ တိုက်ခိုက်ရန်မူရန် ကြံစည်ကြိုးပမ်းနေကြသမျှ ကာလပတ်လုံး သူလျှိုလုပ်ငန်းသည် ပပျောက်မည်မဟုတ်ဘဲ ထွန်းကားမြဲ ထွန်းကားနေချေမည် ဧကန်ပင်။ လောဘ၊ ဒေါသ၊ မောဟ ထာဝစဉ် ထူပြောသော လူသတ္တဝါတို့၏ စိတ်ထားသည် အနှစ်တစ်ထောင်နှင့်လည်း ပြောင်းလဲခြင်းမရှိ။ လောကဓာတ်ပညာ တိုးတက်မှု မည်မျှပင် ရှိစေကာမူ စိတ်

mgyoe.com

mgyoe.com


ထားတိုးတက်ကောင်းမွန်မှု မရှိသမျှ စစ်မက်ရေးရာတို့ မကြာခဏ ပေါ်ပေါက်ကာ တည်မြဲသော ငြိမ်းချမ်းရေးမှာ အပြောမျှသာရှိ၍ လက်တွေ့ဘယ်သောအခါမျှ ရရှိကြမည်မဟုတ်ကြောင်း သေချာလှပေသည်။ ယင်းသို့ ငြိမ်းချမ်းရေးမျိုး မရသေးသမျှ စစ်များ အစီအရီဖြစ်မည်။ စစ်များဖြစ်သမျှ သူလျှိုများ အလျှိုအလျှို ပေါ်ပေါက်မည်ကား မလွဲတမ်းသဘောတရားပင်တည်း။

ရှုမဝမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၅၁။

□

mgyoe.com

mgyoe.com

# (၂)

## အဏုမြူသူလျှိုကြီး၏ နောက်ကွယ်က မိန်းမပျို

လွန်ခဲ့သည့်နှစ် (၁၉၅၀) ဖေဖော်ဝါရီလအတွင်း၌ ပညာရောင် ထွန်းတောက်လျက်ရှိပေသော အဏုမြူ လောကဓာတ်ဆရာကြီး ဒေါက်တာ "ကလော့ဖုခ်စ်" အား ဗြိတိသျှအစိုးရက သူလျှိုအဖြစ် ဖမ်းဆီးပြီးလျှင် ရုံးတင်စစ်ဆေးလေသည်။ ဖုခ်စ်ကလည်း မိမိသည် ရုရှားဆိုဗီယက် အစိုးရအား အဏုမြူပုံးလုပ်နည်းကို တိတ်တဆိတ် ပေးလိုက်ပါသည်ဟု အတိအလင်း ဝန်ခံလေသည်။ ထင်ရှားသောအမှုဖြစ်သဖြင့် ရုံးတော်က ဗြိတိသျှအမျိုးသားအဖြစ် ခံယူခဲ့သော ဂျာမန် လောကဓာတ်ဆရာကြီး ဒေါက်တာ ကလော့ဖုခ်စ်အား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ဆယ့်လေးနှစ်ကျခံစေရန် စီရင်ချက် ချမှတ်လိုက်လေသည်။

ဖုခ်စ်၏အမှုနှင့် ပတ်သက်၍ မီးခိုးကြွက်လျှောက်လိုက်ကာ အမေရိကန်ပြည် လောကဓာတ်ဆရာကြီး "ဟယ်ရီဂိုးလ်ဒ်" လည်း အမေရိကန်အစိုးရက သူလျှိုအဖြစ် ရုံးတင်စစ်ဆေး၍ အပြစ်ပေးခြင်း ခံခဲ့ရလေသည်။

လွန်ခဲ့သည့်အပတ်တွင် ဖော်ပြခဲ့သည့်အတိုင်း ကလော့ဖုခ်စ်

mgyoe.com

mgyoe.com


သည် ပညာရှင်ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည့်အလျောက် သူလျှိုအဖြစ် ဆောင်ရွက်ခြင်းမှာ သူ၏ ယုံကြည်ချက်ကြောင့်ဖြစ်သည်။ သူသည် အမှန်ကို လုပ်သည်ဟု ကောင်းစွာ ယုံကြည်သဖြင့် သူလျှိုအလုပ်ကို လုပ်ခြင်းမှာ သူ့အဖို့ ယုတ်မာသော အပြုအမူမဟုတ်ချေ။ သူ့၌ မသမာသောစိတ်မျိုးမရှိ။ သူ့အဖို့ သူလျှိုအလုပ်ကို လုပ်ပေးခြင်းမှာ ငွေကြေးရ၍မဟုတ်၊ ကိုယ်ကျိုးအတွက် မဟုတ်။ မှန်ကန်သောအလုပ်ကို ဝတ္တရားရှိသည့်အလျောက် လုပ်ပေးခြင်းမျှသာဖြစ်သည်။

ကလော့ဖုခ်စ်က တရားရုံးတော်တွင် ရေး၍ ဖြောင့်ချက်ပေးရာ ထိုဖြောင့်ချက်လွှာ၌ "ကျွန်ုပ်သည် ရုရှား၏ ဝါဒစနစ်ကို အကြွင်းမဲ့ ယုံကြည်သောကြောင့် ကျွန်ုပ်၌ရှိသော သိစရာအချက်အလက် အားလုံးကို မဆိုင်းမတွဘဲ ပေးလိုက်သည်။ ဂျာမနီနှင့် ရုရှား သူသေငါသေ သဘောမျိုးနှင့် အပြင်းအထန် တိုက်ခိုက်အောင် အနောက်ပိုင်း မဟာမိတ်နိုင်ငံများက တိုက်ပေးနေသည်ဟု ကျွန်ုပ်ယုံကြည်သည်။ သို့ရာတွင် စစ်ပြီးခေတ်တွင် ရုရှား၏ပြုမူချက်အချို့ကို ကျွန်ုပ် မနှစ်သက်သည် မှန်ပါ၏။ သို့သော် ခေတ်သစ်တည်ထောင်မည့် တိုင်းပြည်မှာ ရုရှားမျှသာဖြစ်သည်ဟူ၍ ယုံကြည်မြဲ ယုံကြည်ခဲ့လေသည်။ ထိုခေတ်သစ်တည်ထောင်ရာ၌ ကျွန်ုပ်လည်း တတ်စွမ်းသည့် နေရာမှနေ၍ အစွမ်းကုန် ဆောင်ရွက်ရပေမည်။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၌ ရရှိထားသမျှ အချက်အလက်များကို ရုရှားအစိုးရအား ဆက်လက်၍ ပေးနေခြင်းမှာ မှန်ကန်သော အလုပ်ဖြစ်သလောဟု အတိအကျ ဆုံးဖြတ်ရပေတော့မည်။

"ကျွန်ုပ်သည် လက်ရှိရာထူးကို လက်ခံဆောင်ရွက်နေခိုက် ယင်းသို့ သူလျှိုလုပ်ငန်း ဆောင်ရွက်နေရန် မသင့်လှဟု သဘောပေါက်မိသောကြောင့် ကျွန်ုပ် အလုပ်လုပ်လျက်ရှိသော 'ဟားဝဲလ်' လောကဓာတ်ရုံမှ ထွက်ခွာသင့်သည်ဟု တစ်နေ့ထက်တစ်နေ့ ပိုမိုယုံကြည်လာ

mgyoe.com

mgyoe.com


လေသည်။ ကျွန်ုပ်သည် အမေရိကန်ပြည် နယူးယောက်မြို့သို့ ရောက်ရှိစဉ်က အဏုမြူဗုံးလုပ်နည်းကို ရုရှားအစိုးရအား ပေးလိုက်လေသည်။ ထိုအကြောင်းအရာကို စုံထောက်များ သိသွားလေပြီ။ ပထမဦး ကျွန်ုပ်က ငြင်းပါသေး၏။ သို့သော် အကြောင်းမထူးလှ။ ကျွန်ုပ်သည် 'ဟားဝဲလ်' လောကဓာတ်ရုံမှ ထွက်ခွာရတော့မည်။ သို့ ထွက်ခွာရလျှင် 'ဟားဝဲလ်' မှာ နစ်နာစရာရှိသည်။ ကျွန်ုပ် အလွန်ချစ်မြတ်နိုးသော သုတေသနလုပ်ငန်းကို ပစ်ပယ်ရမှာ အသည်းနာစရာ ဖြစ်တော့သည်။ လူတိုင်း လျစ်လျူမရှုနိုင်သော ကိုယ်ကျင့်တရားအချို့ ရှိပေသေးသည်။ ထို့ကြောင့် ကျွန်ုပ်သည် 'ဟားဝဲလ်' လောကဓာတ်ရုံကြီး၏ ဂုဏ်ကို မထိခိုက် မနစ်နာစေရန် တတ်အားသမျှ ကြိုးပမ်းရပေတော့မည်" ဟူ၍ အတိအလင်း ရေးသားဖော်ပြထားလေသည်။

ကလော့ဖုခ်စ်သည် ရုရှားအစိုးရအား အဏုမြူဗုံးလုပ်နည်းကို တိတ်တဆိတ်ပေးရာ၌ မိမိအကျိုးကို စိုးစဉ်းမျှ မမျှော်ကိုးချေ။ ယခုထောင် ၁၄ နှစ်ကျနေရ၍လည်း သူ့အဖို့ မထောင်းတာ။ သူ၏ ယုံကြည်မှုအတိုင်း မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ရိုးသားစွာ ဆောင်ရွက်ခြင်းမျှသာ ဖြစ်ပေသည်။

ယင်းသို့ ယုံကြည်မှု ကြီးမားခိုင်ခံ့ခြင်းသည် မှတ်တမ်းတင်လောက်ပါ၏။ ထိုယုံကြည်မှုကြီးမျိုး ပေါ်ပေါက်ထွန်းကားလာအောင် မြေတောင်မြှောက်ပေးသော မမြင်ရသော လက်သည်ကား မည်သူ၏ လက်ပေနည်း။ ကလော့ဖုခ်စ် လက်မဟုတ်။ ယခုထက်တိုင် စုံထောက်များ ရှာဖွေဖမ်းဆီး၍ မရသေးသော မိန်းမတစ်ဦး၏ လက်ပင်တည်း။

ထိုမိန်းမသည် ထူးဆန်းလှ၏။ သို့သော် သူ့ကို မြင်တွေ့သူတိုင်းက "ရိုးရိုးကလေးပါပဲ။ ခပ်အေးအေး နေရှာပါတယ်။ သူ့မှာ ဘာအပြစ်မျှ ရှိမှာမဟုတ်နိုင်ပါဘူး" ဟု ညီညာဖြဖြ မှတ်ချက်ချကြပေလိမ့်မည်။

mgyoe.com

mgyoe.com


သို့ရာတွင် ထိုရိုးသား၍ အပြစ်ကင်းစင်ပုံရသော မိန်းမသည် သူ အသက်ပေး၍ ယုံကြည်သက်ဝင်သော ကမ္ဘာတစ်ဝန်းလုံး ကွန်မြူနစ်ဝါဒ လွှမ်းမိုးရေး ဝါဒကြီးအတွက် မိမိအသက်ကိုသာ ပဓာနမထားသည် မဟုတ်ဘဲ မိမိက အသက်နှင့် ထပ်တူချစ်သည့် ရည်းစားယောက်ျားအားလည်း သူ တစ်သက်လုံး နေထိုင်တော့မည်ဟု သန္နိဋ္ဌာန်ချထားသော တိုင်းပြည်ကို သစ္စာဖောက်အောင် သွေးဆောင်ခဲ့ပေသည်။

လန်ဒန်နှင့် ဝါရှင်တန်မြို့များရှိ စုံထောက်ရုံးကြီးတို့တွင် အလျှို့ဝှက်ဆုံး ဖိုင်တွဲများရှိရာ ထိုဖိုင်တွဲတစ်တွဲထဲ၌ ထိုမိန်းမ၏ အတ္ထုပ္ပတ္တိမှတ်တမ်းများရှိလေသည်။ သူ့အမည်ကို လျှို့ဝှက်ထားရကား သူ့ကို မှတ်တမ်းထဲတွင် "ဟစ်လ်ဒါ အိပ်ခ်စ်" (Hilda X) ဟု ခေါ်ထားသည်။

ကွန်မြူနစ်ပါတီက သူ့အား ပေးထားသောအမည်မှာ "ဘရင်းဒ်" ဖြစ်သည်။ အမိပွာယ်မှာ "မီးခဲ" ဖြစ်သည်။ "ဟစ်လ်ဒါအိပ်ခ်စ်" ကို ယခုထက်တိုင် မမိသေးချေ။ ဘယ်တော့မှ မိမည်ကို မည်သူမျှ ဗေဒင် မဟောနိုင်ပေ။

ဟစ်လ်ဒါသည် အသားညိုချောဖြစ်သည်။ အရပ် ငါးပေ ခြောက်လက်မရှိသည်။ သူသည် ဖုခ်စ်ကို ကီးလ်တက္ကသိုလ်၌ စာသင်နေစဉ် စာသင်သား အပေါင်းအဖော်အဖြစ် တွေ့လေသည်။ "ကီးလ်" မြို့ကလေးမှာ ဂျာမနီပြည်မြောက်ပိုင်း သာယာလှသော မြို့ကလေးတစ်မြို့ဖြစ်သည်။ ဖုခ်စ်သည် ထိုစဉ်က တက္ကသိုလ်ကျောင်း ကွန်မြူနစ်ပါတီတွင် ပါဝင်သည်။ ဟစ်လ်ဒါလည်း ပါတီဝင်တစ်ဦးဖြစ်သောကြောင့် သူတို့နှစ်ယောက် တွေ့ကြသည်။

ဟစ်လ်ဒါသည် အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ သုတေသီဆန်ဆန် ကလေးဖုခ်စ်ကို မြင်လျှင်မြင်ချင်း နှစ်သက်လေသည်။ စင်စစ် သူသည် ပါတီဝင်အသစ်တစ်ဦးဖြစ်သည်။ ပါတီလမ်းစဉ်ကို ကောင်းစွာ

mgyoe.com

mgyoe.com


လည်း မသိ၊ နှစ်သက်လှသည်ဟုလည်း မဆိုသာသေး။ အစိမ်းသက်သက်မျှသာ ရှိသေး၏။ သို့သော် ဖုန်စ်နှင့် နီးစပ်ရလျှင် ကျေနပ်နေသောကြောင့် ပါတီလမ်းစဉ်ကိုလည်း ချက်ချင်းပင် နှစ်သက်လာလေတော့သည်။ သူသည် ဖုန်စ်ကို ကိုယ်ပိုင်ပြုလိုသောဆန္ဒရှိသောကြောင့် ပါတီကိစ္စကို ပို၍ ဂရုစိုက်လေသည်။ ဖုန်စ်ကလည်း ဟစ်လ်ဒါ၏ စိတ်ထက်သန်မှုကို သဘောကျသည့်အလျောက် ဟစ်လ်ဒါနေသော "ဟင်ဒင်ဘတ်" လမ်းရှိ အခန်းကလေးသို့ ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ်ကျလည်ပတ်လေ့ရှိလေသည်။

ဖုန်စ်မှာ ကွန်မြူနစ်ပါတီ တက္ကသိုလ်ကလာပ်စည်းခေါင်းဆောင်ဖြစ်နေသဖြင့် အလုပ်အလွန်များလေသည်။ ဟစ်လ်ဒါလည်း ဖုန်စ်အားပါတီကိစ္စများတွင် စိတ်အားတက်ကြွစွာ ကူညီပေးလေသည်။ သူတို့နှစ်ယောက်မှာ ပါတီကိစ္စ များနေကြသဖြင့် အချစ်ကိစ္စကို ခေတ္တဆိုင်းထားကြရလေသည်။ သူတို့၌ အချစ်ထက် ကြီးမားလေးလံသော တာဝန်ကြီးရှိနေလေသည်။ ယင်းသည်ကား အခြားမဟုတ်။ တစ်ကမ္ဘာလုံးရှိ အလုပ်သမားလူတန်းစားတို့အား ညီညွတ်မှုဖြစ်စေရန် တာဝန်ကြီးပင် ဖြစ်ပေတော့သည်။

ဖုန်စ်နှင့် ဟစ်လ်ဒါတို့သည် အပင်ပန်းခံ၍ ပူးတွဲဆောင်ရွက်ကြလေသည်။ ချမ်းချမ်းစီးစီး ဆောင်းလလယ်တွင် သူတို့သည် သင်္ဘောဆိပ်တွင် နာရီပေါင်းများစွာ မတ်တတ်ရပ်၍ နာဇီဝါဒ၊ အရင်းရှင်ဝါဒ၊ နယ်ချဲ့ဝါဒတို့ကို အလုပ်သမားများ စည်းလုံးညီညာစွာ တိုက်ခိုက်ဖြိုဖျက်ရန် တိုက်တွန်းထားသော ကြေညာစာတမ်းကို စောင့်၍ ကမ်းနေကြလေသည်။

ဟစ်လ်ဒါ၏ မိဘများမှာ ကြေးရတတ်များဖြစ်ရာ ကွန်မြူနစ်စိတ် ထက်သန်နေသော သမီးသည် ဓနရှင် မိဘများနှင့် အိုးစားကွဲရ

mgyoe.com

mgyoe.com


လေတော့သည်။ ဟာစ်လ်ဒါသည် ငယ်စဉ်ကတည်းက အရင်းရှင်ဝါဒကို မုန်းတီးခဲ့၏။ သို့သော် မိဘများ၏ အရိပ်အာဝါသတွင် သက်သောင့်သက်သာ နေရသောဘဝကို မစွန့်ရဲသဖြင့် အလိုက်သင့်နေခဲ့လေသည်။ ယခု ဖုခ်စ်အပေါ်တွင် ရောက်ရှိသော ချစ်ခင်မှု၊ ကြည်ညိုမှုတို့၏ အဟုန်ကြောင့် မိဘများက သူ့အားပေးထားသော ဘဝ၏ အသုံးမကျမှု၊ အရာမဝင်မှုကို မြင်၍ သံဝေဂရကာ မိဘများအား စွန့်ခြင်းကြီး စွန့်လိုက်လေတော့သည်။ သူ့အား ယင်းသို့ အာဇာနည်အပြုအမူမျိုး ပြုမူဖြစ်အောင် စွမ်းဆောင်ပေးသူကား ဖုခ်စ်ပင်ဖြစ်ပေသည်။ သူ့ဖြစ်ထွေကို နားမလည်နိုင်ရှာသော မိဘများကို ခွာ၍ သူသည် သူ့အား အရင်းရှင်လက်တွင်းမှ ကယ်ဆယ်လိုက်ပေသော ကျေးဇူးရှင်ကြီး ကလော့ဖုခ်စ် ရင်ခွင်သို့ တိုးဝင်၍ ဘဝသစ်၌ နှစ်ခြိုက်စွာ နေလေတော့သည်။

သူတို့နှစ်ယောက်သည် နာဇီတော်လှန်ရေးအတွက် တောခိုနေစဉ် လင်လိုမယားလိုနေကြကာ သူတို့ ဦးထိပ်ထားသော ကွန်မြူနစ်ဝါဒကြီးပွားရေးကို လက်တွဲ၍ ဆောင်ရွက်နေကြလေသည်။

ဟာစ်လ်ဒါသည် အချစ်နှင့် ကွန်မြူနစ်ဝါဒတို့ကြောင့်သာ မိဘများ၏ အရိပ်အာဝါသမှစွန့်၍ ထွက်လာခဲ့ရသော်လည်း နာဇီစုံထောက် "ဂက်စတာပို" တို့ကိုမူ အသေအလဲ ကြောက်ရှာလေသည်။ မြို့လယ်ကောင်တွင်နေပြီးလျှင် "တောခို" နေရသောကြောင့် သူ့တစ်သက်တွင် မမေ့နိုင်ဖွယ်ရာ အတွေ့အကြုံတစ်ရပ် ဖြစ်နေလေသည်။ မြို့လယ်ကောင်တွင် "တောခို" ရခြင်း၏ အကျိုးထူးတစ်ရပ်ကား ပုန်းနေသောမြေအောက်အခန်းမှ တစ်ဖဝါးမျှ မခွာသာသည့်အလျောက် ချစ်သူကိုယ့်ယောကျ်ားနှင့် တစ်နေ့လျှင် နှစ်ဆယ့်လေးနာရီ ပူးတွဲနေရသဖြင့် သူချစ်သည့် ဖုခ်စ်အကြောင်းကို အတွင်းသိ အစဉ်းသိ ဖြစ်ရလေတော့သည်။ ဖုခ်စ်၏ စိတ်နေစိတ်ထား၊ အပြုအမူ၊ အလေ့အကျင့်၊ ဉာဏ်

mgyoe.com

mgyoe.com


ထက်မြက်ပုံ စသည်တို့ကို ဟာစ်လ်ဒါ ကောင်းစွာ သိရလေသည်။

နာဇီအစိုးရက "ကီးလ်" တက္ကသိုလ် ကွန်မြူနစ်ပါတီဝင်တို့အား ဖမ်းစေဟူသော အမိန့်ကြီး ထုတ်ထားသဖြင့် သူတို့နှစ်ယောက်မှာ အခန်းထဲတွင် တစ်နေကုန်တစ်နေခန်း နေကြရလေသည်။ ညဥ့်ဦး လောက်၌သာ ဟာစ်လ်ဒါသည် အခြောက်အခြမ်းကလေးများ ထွက် ဝယ်ရသည်။ ယင်းသို့ အလစ်တွင် အပြင်သို့ထွက်ခိုက် အကယ်၍သာ ဟာစ်လ်ဒါကို မိသွားပါမူ ဖုခ်စ်ကို ဟာစ်လ်ဒါက ဖော်လိုက်မည်လော။ ဖုခ်စ်၌ ယင်းသို့သော သံသယမျိုး ဘယ်သောအခါမျှ မဖြစ်ခဲ့ချေ။ ဟာစ်လ်ဒါသည် အသက်သေသော် သေစေ၊ သူ့အပေါ်တွင် သစ္စာ မဖောက်ဟု ဖုခ်စ်က တထစ်ချယုံကြည်လေသည်။ ဖုခ်စ်သည် ဟာစ်လ် ဒါ၏ သစ္စာခိုင်မြဲပုံကို တွေးမိလေလေ ချစ်ခင်ကြည်ညိုစိတ် ဒီရေ တက် လာလေလေ ဖြစ်မိတော့သည်။ "မိန်းမဆိုတာ ဆောင်းလေပမာညီ" ဆိုသည်မှာ မှန်ချင်လျှင်မှန်မည်။ ဟာစ်လ်ဒါအဖို့ကား ဘယ်နည်းနှင့်မျှ မမှန်နိုင်။ စိတ်ချရသော မိန်းမဟူ၍ ရှာမှ ရှားလှ၏။ ဟာစ်လ်ဒါသည် ကား ဖုခ်စ်အဖို့ ရှာမှရှားပင် ဖြစ်ပေသည်။ ဖုခ်စ်၌ ထိုယုံကြည်မှုကား ကြီးမားလေစွ။ နောက် ဆယ့်ငါးနှစ်အကြာတွင် မိမိအား "အဏုမြူသူလျှို ကြီး" အဖြစ် အဖမ်းခံရပြီး စစ်ဆေးသည့်တိုင်အောင် ထိုယုံကြည်မှုကြီး သည် တည်မြဲခိုင်ခံ့လျက်ပင် ရှိသေး၏။

သူတို့နှစ်ယောက် တွဲဖက်၍ တောခိုနေစဉ် သုံးစရာငွေကြေး တစ်ပြားတစ်ချပ်မျှ မရှိသဖြင့် ဟာစ်လ်ဒါက သူ့ဆွေမျိုးများထံသို့ သွား၍ တောင်းရလေသည်။ အာဏာရှင် ဟစ်တလာသည် ကွန်မြူနစ်လူငယ် များအား ဖမ်းရသမျှ ရက်စက်စွာ သတ်ဖြတ်နေလေသည်။ ထိုသို့ အကျပ် ကြုံနေသည့်အခိုက်တွင် ဖုခ်စ်လည်း တစ်နေ့နေ့တွင် ဟစ်တလာ၏ ဘေးနှင့် ကြုံတွေ့ရတော့မည် ဧကန်ဟု မှတ်ယူထားသဖြင့် ချစ်သူ

mgyoe.com

mgyoe.com


ဟာစ်လ်ဒါနှင့် ခဏာတာမျှ အစွမ်းကုန် ချစ်ပြီးနောက် ခွဲခွာကာ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးကြမည်လောဟု တွေးတောချိန်ဆနေလေသည်။ ထိုအကြံကို ဟာစ်လ်ဒါမနှစ်သက်ချေ။ ဆိုးတူကောင်းဖက် နေလိုလှ၏။ ဟာစ်တလာသတ်၍ သေလျှင်လည်း လည်ချင်းနွှဲ၍ သေပွဲဝင်ရန် အသင့်ရှိလေသည်။

သူတို့သည် ရ စ လင်မယားတို့၏ စိတ်ထားမျိုးနှင့် နောင်ရေးကို ဆွေးနွေးနေကြလေသည်။ ယခုကဲ့သို့ ဓားမိုးရှာနေခိုက်တွင် ဂျာမနီမှ ထွက်ခွာကြရမည် ဧကန်ပင်။ သို့သော် တော်လှန်ရေးကိစ္စ ပြီး၍ အရေးတော်ပုံ အောင်မြင်သောအခါဝယ် သူတို့နှစ်ယောက်သည် ချစ်သူသဘာဝ တူယှဉ်တွဲကာ အိမ်ခြေရာခြေတည်တည်နှင့် အေးချမ်းစွာ နေလိုကြလေသည်။ ထိုကြောင့် သူတို့သည် ပုန်းနေသော အခန်းတွင်းမှ ရင်ဆိုင်လျက်ရှိသော ဒုက္ခပင်လယ်ဗွေကြီးကို လှမ်းကျော်၍ နှစ်လိုဖွယ်ရာဖြစ်သော အိမ်ထောင်ရေးသုခ ကျွန်းသာယာကလေးသို့ လှမ်းမျှော်ကြည့်နေကြလေသည်။

သူတို့အဖို့ ဟာစ်တလာ၏ ဓားဘေးမှလွတ်အောင် အတူယှဉ်တွဲ၍ ပုန်းအောင်းနေရသည်မှာ လောကနိဗ္ဗာန်သို့ ရောက်နေသကဲ့သို့ ဖြစ်နေတော့သည်။ ချစ်သူနှစ်ယောက် အခန်းထဲတွင် တစ်နေကုန် ပိတ်လှောင်ထားပါမူ ယင်းတို့က လူသူကင်းဝေးသော လောကနိဗ္ဗာန်သို့ ပို့ထားသည် ထင်မှတ်ပေမည်မှာ ဓမ္မတာပင်။ ကလော့ဖုခ်စ်သည် ဟာစ်လ်ဒါမနေ့ညဦးက ထွက်၍ ဈေးဝယ်စဉ် ဝယ်လာခဲ့သော ဖဲထုပ်နှင့် တစ်ယောက်တည်း ဖဲစဉ်နေလေသည်။

ဖဲစဉ်နေစဉ် နောင်ရေးကို တွေးကြဆွေးကြနှင့် စိတ်ပျော်ရွှင်တက်ကြွနေကြလေသည်။ ဟာစ်လ်ဒါ၏ မျှော်ကိုးချက်မှာ အရေးတော်ပုံ အောင်မြင်ပြီးသည့်နောက် အိုးအိမ်နှင့်နေကာ သူ့လင်တော်မောင်အား

mgyoe.com

mgyoe.com


ကမ္ဘာကျော် လောကဓာတ်ဆရာကြီးဖြစ်အောင် အိမ်သူကညာအဖြစ်ဖြင့် ကူညီစောင့်ရှောက်သွားရန်ပင်ဖြစ်သည်။ ကလော့ဖုခ်စ်က လောကဓာတ်ပညာကျမ်းကြီးများပြုကာ တဖြည်းဖြည်း ကမ္ဘာကျော်လာပေမည်။ ဟာစ်လ်ဒါက အိမ်ရှင်မကောင်းပီသစွာ အိမ်တွင် ရှေးသီချင်းကြီးများကို ဓာတ်စက်ဖွင့်ရင်းပင် လင်ယောကျ်ားအား အပန်းဖြေပေးမည်။

နာဇီတို့ကြီးစိုးသော ကီးလ်မြို့လယ်ကောင်တွင် ပုန်းနေရခြင်းမှာ မလွယ်ကူလှချေ။ မမိအောင် အတော်ကြိုးစားရသည်။ သူတို့ ဇနီးမောင်နှံသည် အဝတ်အစားများကို ရေတွက်၍ ထားကြလေသည်။ စာရွက်စာတမ်းများကို ဖတ်ပြီးသည့်နောက် သဲလွန်စအဖြစ် မကျန်ခဲ့ရအောင် ဆုတ်ပစ်ကြရသည်။ စာအုပ်များထဲတွင် လက်ရေးဖြင့် တိုတိုစစ ရေးထားမိမှာကိုလည်း သတိထားရသေး၏။ နောက်ဆုံး၌ ဟာစ်လ်ဒါ၏ စာမေးပွဲအောင်လက်မှတ်များကိုပင် လူမတွေ့နိုင်မည့်နေရာတွင် သေသပ်စွာ သိမ်းဆည်းထားရလေသည်။

၁၉၃၄ ခု အောက်တိုဘာလ နေသာသော နံနက်ခင်းတစ်ခင်းတွင် ဟာစ်လ်ဒါသည် အရေးကြီးသော အလုပ်တစ်ခုကို လုပ်ရသဖြင့် ကျေနပ်ဝမ်းသာနေလေသည်။ ယင်းသည်ကား သူနှင့် သူ့ခင်ပွန်း ဖုခ်စ်တို့အဖို့ ခရီးသွားလက်မှတ်လိမ်များ ထုတ်ယူရန်ဖြစ်သည်။ ထိုအလုပ်သည်ကား လွယ်ကူလှသည်မဟုတ်။ မအောင်မြင်လိုက်ပါမူ ဒုက္ခကြီးလှလှ တွေ့ကြရမည်ပင်။ သို့ရာတွင် ဟာစ်လ်ဒါမှာ ကျေနပ်ပျော်ရွှင်နေလေသည်။ သူ့အား ဤမျှလောက် အရေးကြီးသောတာဝန်မျိုး မပေးခဲ့ဖူးသေးသောကြောင့် ခက်ခဲ၍ ဆားရန်များစေကာမူ ထိုအလုပ်ကို လုပ်ရသည့်အတွက် ကျေနပ်မိလေသည်။ သူသည် ပထမ သူ့အဒေါ်ထံသို့ ဘတ်စ်ကားစီး၍ သွားရလေသည်။ နံနက်စောစော နေသာသာတွင် ဘတ်စ်ကားစီးရသည်မှာ အရသာတစ်မျိုးပင်ဖြစ်သည်ဟု သူထင်မိ၏။ သူ့အဒေါ်မှာ သူတို့

mgyoe.com

mgyoe.com


လုပ်နေသော တော်လှန်ရေးလုပ်ငန်းကို အားပေးသူဖြစ်သည်။ သူ့အား လိုသမျှ ငွေကြေးထောက်ပံ့လျက်ရှိလေသည်။ ဟာစ်လ်ဒါသည် အရေး ကြီးသောအလုပ်ကို လုပ်ရသဖြင့် သူ့ကိုယ်သူ အရေးပါ အရာရောက် သည့် ပုဂ္ဂိုလ်တစ်ဦးဟု အောက်မေ့ကာ ကျေနပ်နေခိုက် "မိမျှား မိသွား လျှင်" ဆိုသည့် သံသယစိတ်ကလေးက ဝင်၍နှောက်သဖြင့် ကြောက် သလိုလို ရွံ့သလိုလိုဖြစ်ကာ ရင်ကလေး တခုန်ခုန်နှင့် နေလေသည်။ ဝမ်းသာ၍ ရင်ခုန်နေခိုက် ကြောက်သလိုလိုဖြစ်၍ ရင်ခုန်ခြင်းက ဝင်၍ နှောက်လိုက်သဖြင့် ဘယ်အတွက် ရင်ခုန်နေသည်ကို သူ့ဘာသာသူ မသိသလိုလို ဖြစ်သွားလေတော့သည်။ ကံအားလျော်စွာ သူ့အလုပ်မှာ ချောမောအောင်မြင်သွားလေသည်။ သူ့အဒေါ်ကလည်း မတ်ဒင်္ဂါးတစ်ရာ ပေးလိုက်လေသည်။

ဟာစ်လ်ဒါသည် ဖုန်စ်က နှောင်ရေးအတွက် စီမံလျာထားပြလိုက် သောအခါ အတော်တော်တဲ့လူပဲဟု စိတ်ထဲက ချီးမွမ်းမိလေသည်။ ဖုန်စ်က ကွန်မြူနစ်တို့သည် ကမ္ဘာပေါ်ရှိ စုံထောက်များ၊ ပုလိပ်များကို တစ်ပတ်ရိုက်နိုင်သောသူများဖြစ်ကြောင်း ပြောပြလေသည်။ "ကွန်မြူနစ် များကို အထင်သေးကြတယ်။ ပုလိပ်က ကွန်မြူနစ်တွေကို အပေါစား ဟိုတယ်များမှာသာ တွေ့နိုင်တယ် ထင်ကြတယ်။ အထက်တန်းစား ဟိုတယ်တွေပေါ် တက်ပြီး ကွန်မြူနစ်ကိုဖမ်းတယ်လို့ တစ်ခါမျှ မကြား ဖူးဘူး။ တို့တစ်တွေကို ဘိုင်ကောင်တွေမှတ်ပြီး သွားစရာ လာစရာရှိရင် ဘတ်စ်ကားနဲ့သာ သွားကြရတယ်လို့ အောက်မေ့ကြတယ်။ တို့တစ်တွေ အဖိုးတန်ကားကြီးတွေစီးတာကို သူတို့ မမြင်ဖူးကြဘူးမှတ်တယ်။ ပြီး တော့လည်း ပုလိပ်ဆိုတဲ့ သတ္တဝါတွေဟာ လာဘ်ကလေးပေးလိုက်ရင် ပြီးတာပဲ။ နာဇီစုံထောက်ဆိုတဲ့ အကောင်မျိုးဟာ ဉာဏ်တစ်ရွေးသား တောင်မှ ရှိတာ မဟုတ်ဘူး"

mgyoe.com

mgyoe.com


ကလော့ဖုဝ်စ်သည် ကွန်မြူနစ်တို့ဘာဝ စကားပြောခြင်းထက် တရားဟောခြင်းကို ပို၍ နှစ်သက်ရကား သူနှင့် ဟစ်လ်ဒါ နှစ်ယောက်သား တစ်နေကုန် ပုန်းနေရစဉ် သူသည် ဟစ်လ်ဒါခမျာကို တရားနာ ပရိသတ် သဘောထားပြီးလျှင် တစ်နေကုန် မရပ်တမ်း လက်ပိုက်၍ ကွန်မြူနစ်ကျင့်စဉ်နှင့် သဘောတရားတို့ကို ဟောကြားနေလေသည်။ တရားဟော၍ မောသောအခါ ချစ်တင်းနှီးနှောကြသည်။ ယင်းသို့လျှင် အချစ်နှင့် မာ့က်စ်တရားတို့ကို သမအောင် စရနယ်နေကြလေသည်။

ဟစ်လ်ဒါလည်း ဖုဝ်စ်၏ တရားတော်ကို စိတ်ဝင်စားစွာ နာကြားလေသည်။ ပုဂ္ဂိုလ်ခင်၍ တရားမင်သည်ဟူသော စကားမှာ ဟစ်လ်ဒါ အဖို့ အတော်ပင်မှန်လှပေ၏။ သူ့ချစ်သူက မာ့က်စ်ဝါဒတရားများကို တတွတ်တွတ် ဟောကြားရှင်းလင်းပြသည်ကို ကြည့်ရခြင်းပင်လျှင် သူ့အဖို့ ကြည်နူးစရာဖြစ်နေပေသည်။ သူသည် သူ့ခင်ပွန်း၏ ဉာဏ်ထက်မြက် ကြီးကျယ်ပုံကိုကြည့်၍ ကြည်ညိုစိတ် ပွားနေလေသည်။ "ငါ့လင်ဟာ ကမ္ဘာကျော် လောကဓာတ်ဆရာကြီး ဖြစ်မှာပဲ" ဟု ဟစ်လ်ဒါသည် သူ့ကိုယ်သူ ကြွားနေလေသည်။

ချစ်သူကိုကြည့်၍ ကြည်နူးနေရုံနှင့် ကိစ္စအဝဝတို့ ပြီးစီးမည် မဟုတ်။ လက်ငင်းပြဿနာမှာ နာဇီကြီးစိုးနေသော ဂျာမနီပြည်ကြီးမှ ထွက်ပြေးရန်ပင်ဖြစ်သည်။ ထိုပြဿနာသည်ကား မလွယ်ကူလှ။ နာဇီ စုံထောက်များ အနှံ့အပြားရှိနေသဖြင့် ဂျာမနီပြည် နယ်နိမိတ်မှ လွတ် အောင်ပြေးနိုင်ဖို့ ခဲခက်လှတော့သည်။ ဘယ်သို့ ကြံရပါမည်နည်း။

ဟစ်လ်ဒါသည် ပုန်းခိုနေရာမှ ထွက်ပြေးရန် အကြံထုတ်နေကြ ခိုက်တွင် သူ့ခင်ပွန်း၏ ငယ်စဉ်က အကြောင်းကို ခရေစေ့တွင်းကျ မှတ်သားထားလေသည်။ ဖုဝ်စ် အသက်သုံးနှစ်အရွယ်က ဂျာမနီပြည် သည် ပြင်သစ်ပြည်နှင့် စစ်ဖြစ်နေရာ ဂျာမန်စစ်တပ်က ပဲရစ်မြို့ကို

mgyoe.com

mgyoe.com


ဝင်ရောက်သိမ်းပိုက်လိုက်လေသည်။ ဂျာမန်တို့သည် မိမိတို့၏ တပ်မတော်က နိုင်သဖြင့် ဝမ်းသာနေကြလေသည်။ သို့ရာတွင် ဖုန်စ်၏ဖခင်မှာ စစ်မလိုလားသော ခရစ်ယာန်ဘုန်းတော်ကြီး ဖြစ်ရကား ဖုန်စ်အား ချီတက်လာသော တပ်မတော်ကို ကောင်းချီးသြဘာမပေးရန် အတင်းအကျပ် တားမြစ်လေသည်။ ဖုန်စ်လည်း ထိုအရွယ်ကစ၍ စစ်မလိုလားသူတစ်ဦး ဖြစ်လာလေသည်။ ထို့ပြင် ဖုန်စ် ငယ်စဉ်ကတည်းက တစ်ကိုယ်တည်းနေတတ်သူဖြစ်သည်။ သူ့အစ်ကို၊ အစ်မတို့အပြင် အခြားမိတ်ဆွေသူငယ်ချင်းဟူ၍ သူ့၌မရှိချေ။ သူ့ဖခင် ဘုန်းတော်ကြီး၏ သွန်သင်ဆုံးမချက်များကို နာယူရင်း ခပ်အေးအေး ကြီးပြင်းလာရလေသည်။

ဟာစ်လ်ဒါသည် ငယ်စဉ်ကတည်းက လူပျိုလူရွယ်အထိ မိတ်သင်္ဂဟမရှိဘဲနှင့် ကြီးပြင်းလာရသော ဖုန်စ်မှာ သူ့ထံသို့ အဖော်ရှာရင်းရောက်လာရသည်ကို သိလေသည်။ ထို့ကြောင့် သူက ဖုန်စ်ကို ချစ်ခင်သနားမိလေသည်။ ကလော့ဖုန်စ်မှာ အဖော်ဆို၍ ဟာစ်လ်ဒါတစ်ယောက်သာ ရှိသောကြောင့် သူ့လုပ်ဖော်ကိုင်ဖက်များအပေါ်တွင် သစ္စာဖောက်ကာ အဏုမြူဗုံးလုပ်နည်းကို ရန်သူ ရုရှားအစိုးရအား လျှို့ဝှက်၍ ပေးရက်လေသည်။ သူ့အဖို့ သစ္စာရှိစရာ၊ ညာတာထောက်ထားစရာဟူ၍ ဟာစ်လ်ဒါတစ်ဦးတည်းသာ ရှိလေသည်။ ထို့ကြောင့်လည်း သူ့အား သူလျှိုအဖြစ် ရုံးတင်စစ်ဆေးသောအခါ၌ သူ့အဖော်အစစ်ဖြစ်သည့် ဟာစ်လ်ဒါအကြောင်းကို လေသံမျှပင် မထွက်ခဲ့ချေ။

ဖုန်စ်သည် သူ့အား ဖမ်းလိုက်ပြီးသည်နှင့်တစ်ပြိုင်နက် စိတ်ပျက်ကာ စစ်ဆေးသူတို့က မမေးမြန်းခင်ပင်လျှင် သူ့အလိုအလျောက် လုံးစေ့ပတ်စေ့ ဖြောင့်ချက်ပေးလေသည်။ လူအများက ဤမျှ နာမည်ကြီးသော အဏုမြူသူလျှိုကြီး၊ လောကဓာတ်ဆရာကြီး ကလော့ဖုန်စ်သည် အမေးအမြန်းမရှိခင်ကပင် ဤသို့ ဖြောင့်ချက်ပေးသည်မှာ အံ့စရာဟု

mgyoe.com

mgyoe.com


မှတ်ထင်နေကြလေသည်။ အကြောင်းရင်းကိုသိလျှင် အံ့စရာမဟုတ်ချေ။ ဖုခ်စ်၏ ဖြောင့်ချက်ပေးသော အကြောင်းရင်းမှာ ရှည်ရှည်လျားလျား မေးမြန်းစစ်ဆေးနေလျှင် သူ့ အချစ်ဆုံးမိန်းမ ဟာစ်လ်ဒါ၏အကြောင်းများ ပေါ်လာမည်ကို စိုးရိမ်လှခြင်းပင်ဖြစ်သည်။

ဤမျှ ချစ်ခင်ကြင်နာခြင်းခံရသော ဖုခ်စ်၏ ချစ်ဇနီး ဟာစ်လ်ဒါသည်ကား ဖုခ်စ်၏ အတွင်းရေးကို ကောင်းစွာသိလေသည်။ ဖုခ်စ်၏ မိဘများနေအိမ်သို့ ရောက်ဖူးလေသည်။ အမြဲတမ်း မေတ္တာတရားအကြောင်း ဟောပြောနေသော သူ့ဖခင်ကြီးနှင့် အတူနေရလျှင် ဖုခ်စ်အဖို့ ပျော်ရွှင်ဖွယ်မရှိကြောင်းကို ဟာစ်လ်ဒါ ကောင်းစွာသိလေသည်။ ထို ကြောင့်လည်း သူက ချစ်သူ ဇနီးအဖြစ်ဖြင့်သာမက မိခင်အဖြစ်၊ မိတ်ဆွေကောင်းအဖြစ်တို့ဖြင့်လည်း ပြုစုယုယခဲ့လေသည်။

တစ်ခါ၌ "ဟာစ်လ်ဒါ" က "ဖုခ်စ်" အကြောင်းနှင့်ပတ်သက်၍ ဤသို့ ပြောပြလေသည်။ "သူသာ သူ့အဖေတရားကို သဘောကျပြီး ခရစ်ယာန်ဘာသာဝင်တစ်ဦးသာဖြစ်ရင် ကျွန်မနဲ့လည်း တွေ့မှာမဟုတ်ဘူး။ သူလျှိုလုပ်ငန်းကြီးထဲလည်း ဝင်ပြီး ဆောင်ရွက်ဖြစ်မှာမဟုတ်ဘူး"

"ဟာစ်လ်ဒါ" သည် "ဖုခ်စ်" ၏ အိမ်သားများ စိတ်ညံ့ဖျင်းပုံကို အလုံးစုံသိလေသည်။ "သူ ကျွန်မကိုချစ်တာ ကျွန်မမှာ သတ္တိရှိလို့ပါပဲ။ သူနေရတာက လူပျော့လူညံ့တွေကြားထဲမှာချည်းမို့ ကျွန်မလို နာဇီတွေကို တော်လှန်ရဲတဲ့ သတ္တိမျိုးကို တွေ့တော့ ချစ်တော့တာပါပဲ"

သူပြောသည့်အတိုင်းပင်လျှင် "ဖုခ်စ်" ၏ မွေးပေါက်ဖော်များ အနက် အစ်မတစ်ယောက်မှာ မီးရထားအကြိတ်ခံ၍ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုက်လေသည်။ သူ့ဖခင်ကြီးကိုကား နာဇီတို့က ထောင်ချ ထားလေသည်။ အစ်မတစ်ယောက်မှာမူ ရူးသွားလေသည်။ ထို့ကြောင့် လည်း "ဖုခ်စ်" သည် နာဇီတို့အပေါ်တွင် စိတ်အနာကြီး နာလေတော့

mgyoe.com

mgyoe.com


သည်။

"ဟာစ်လ်ဒါ" နှင့် "ဖုခ်စ်" တို့သည် နာဇီ ဂျာမနီမှ တစ်ယောက်တကွဲစီ ထွက်ပြေးကြရသည်။ "ဟာစ်လ်ဒါ" သည် အင်္ဂလန်ပြည်သို့ ရောက်သွား၍ "ဖုခ်စ်" က ပြင်သစ်ပြည်သို့ ပြေးလေသည်။ အတန်ကြာမှ ပြင်သစ်ပြည်မှ အင်္ဂလန်ပြည်သို့ ကူးသွားပြီးလျှင် "ဟာစ်လ်ဒါ" နှင့်အတူ နေလေသည်။

အင်္ဂလန်သို့ ရောက်သွားပြီးနောက် "ဖုခ်စ်" သည် ဘရစ်စတိုတက္ကသိုလ်တွင် ပညာဆက်၍ သင်နေလေသည်။ သူသည် အင်္ဂလန်ပြည်ကို နှစ်သက်သဖြင့် တစ်သက်လုံးနေလိုသောဆန္ဒ ပေါ်ပေါက်လာလေသည်။ "ဟာစ်လ်ဒါ" ကား အင်္ဂလိပ်လူမျိုးနှင့် အင်္ဂလန်ပြည်တို့ကို မုန်းလေသည်။ သူ့ချစ်သူအား အင်္ဂလန်ပြည်က ဖျက်ဆီးသည်ဟု ယူမှတ်လေသည်။ အဘယ်ကြောင့်ဆိုသော် "ဖုခ်စ်" သည် အင်္ဂလန်ပြည်သို့ ရောက်ခါမှ ကွန်မြူနစ်လုပ်ငန်းကို ဂရုမထားဘဲ လောကဓာတ်ပညာကိုသာ စိတ်ပါလက်ပါ လိုက်စားနေလေသည်။ "ဟာစ်လ်ဒါ" ၏အထင်မှာ "ဖုခ်စ်" က ပညာရေးကို သူ့အပေါ်၌ရှိသော အချစ်ရေးထက်ပင် ပို၍ စိတ်ဝင်စားဟန်ရှိနေသဖြင့် အင်္ဂလန်ပြည်ကို ပို၍ စိတ်နာလေသည်။ "ဖုခ်စ်" သည် မကြာမီပင်လျှင် အဏုမြူသုတေသန လောကဓာတ်ဆရာလူငယ်များတွင် ခေါင်းဆောင်တစ်ဦးအဖြစ် အသိအမှတ်ပြုခြင်းခံရအောင် ပညာဘက်မှာ ပေါက်ရောက်လာလေသည်။ သူ့အဖို့ လောကဓာတ်ပညာသည်သာ ပဓာနဖြစ်ပေသည်။ ကွန်မြူနစ်ဝါဒသည် သူ့ထံမှ တဖြည်းဖြည်း ခွာနေရတော့သည်။

"ဟာစ်လ်ဒါ" အဖို့ကား ဤသို့မဟုတ်။ သူသည် ကွန်မြူနစ်လုပ်ငန်းကို ပို၍ လုပ်ကိုင်လာလေသည်။ ပိုလန်၊ ချက်ကိုစလိုဗေးကီးယား၊ ဂျာမနီ စသည့် တိုင်းပြည်များတွင် သူလျှိုများနှင့် အချိတ်အဆက်

mgyoe.com

mgyoe.com


ပြုလုပ်ကာ စီမံပေးလေသည်။

"ဖုန်စီ" က လောကဓာတ်ပညာတွင် စိတ်ပို၍ ဝင်စားသည်နှင့်အမျှ "ဟစ်လ်ဒါ" ကလည်း ကွန်မြူနစ်ဝါဒတွင် ပို၍ စိတ်ဝင်စားလာကာ လက်ဦးကွန်မြူနစ်ဆရာ သူ့ချစ်သူ "ဖုန်စီ" ထက်ပင် ကွန်မြူနစ်ပါတီတွင် ပို၍ အရေးပါ အရာရောက်နေလေသည်။ "ဟစ်လ်ဒါ" လည်း ပါတီကိစ္စ၊ ပါတီစိတ်တို့ကိုသာ အာရုံထား၍ အချစ်ကို ချောင်တွင် ချိတ်ထားလိုက်လေတော့သည်။ "ဟစ်လ်ဒါ" နှင့် "ဖုန်စီ" တို့မှာ အတူမနေရုံသာမက စာအဆက်အသွယ်ပင်ပြတ်လျက် ရှိတော့သည်။

ထိုအခိုက် အရေးကြီးသော အဖြစ်အပျက်တစ်ရပ် ပေါ်ပေါက်လာလေသည်။ ယင်းသည်ကား ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဟစ်တလာက ပိုလန်ပြည်သို့ ဝင်ရောက်တိုက်ခိုက်ခြင်းပင် ဖြစ်သည်။ ကမ္ဘာစစ်ကြီး စပေပြီ။ "ကလော့ဖုန်စီ" မှာ နဂိုကပင် နာဇီဂျာမနီကို ကန့်ကွက်တော်လှန်သူတစ်ဦး ဖြစ်စေကာမူ ဂျာမန်လူမျိုးဖြစ်သောကြောင့် ဗြိတိသျှအစိုးရက တိုင်းပြည်တွင်းရှိ ဂျာမန်တို့အား ကနေဒါပြည်သို့ ပို့ထားရန် စီမံသည့်အလျောက် "ဖုန်စီ" လည်း ကနေဒါပြည်သို့သွားရန် အထုပ်အပိုး ပြင်ရလေသည်။

အထုပ်အပိုးပြင်နေစဉ် သူ့ချစ်သူ "ဟစ်လ်ဒါ" ကို ပြေး၍ သတိရမိတော့သည်။ "သူပြောတာ သိပ်မှန်တာပဲ။ တစ်နေ့နေ့ ရှင်ချစ်နေတဲ့ ဗြိတိသျှပြည်က ရှင့်ကို သစ္စာဖောက်ပြပါလိမ့်မယ်လို့ သူဆိုခဲ့တယ်။ အဲဒါ အခုတော့ မှန်နေတာပေါ့" "ဖုန်စီ" က တစ်ကိုယ်တည်း ဆိုနေလေသည်။ သူသည် ဖက်ဆစ်ကို အလွန်ရွံမုန်းသူဖြစ်ပါလျက်နှင့် ဂျာမန်လူမျိုး ဖြစ်ရုံမျှဖြင့် အင်္ဂလိပ်တို့က ဖက်ဆစ်ဆန်ဆန် သူ့အား ပြည်နှင်ဒဏ်ပေးလေပြီ။ သူသည် အင်္ဂလန်ပြည်ကို စိတ်နာလာတော့သည်။ သူ့ကိုယ်သူ မတရားညှဉ်းဆဲခြင်းခံရသော သူတော်စင်တစ်ဦးဟု

mgyoe.com

mgyoe.com


အောက်မေ့မှတ်ထင်လာလေသည်။

ယင်းသို့ အင်္ဂလန်ပြည်အပေါ်တွင် စိတ်အနာကြီးနာခါမှ "ဟာစ်လ်ဒါ" အပေါ်တွင် ထားရှိခဲ့သော အချစ်စိတ်သည် ပြာလွှင့်မီးခဲပမာ တဟုန်းဟုန်း တောက်လာလေသည်။ "ဟာစ်လ်ဒါ" အဖို့ အချစ်စိတ်နှင့် အတူ ကွန်မြူနစ်ဝါဒ ထက်သန်မှုသည်လည်း ဒီရေတိုးသကဲ့သို့ တိုးတက်လာတော့သည်။ "ဟာစ်လ်ဒါ ပြောတာမှန်တယ်၊ ဩော်... ဒါနဲ့ ဟာစ်လ်ဒါ အခု ဘယ်မှာလဲ" ဖုခ်စ်သည် သူနှင့် အဆက်ပြတ်နေသော ချစ်သူအား အပြင်းအထန် သတိရ၍ ချစ်သူ့ထံသို့ ရှာပုံတော်ကြီးနှင့် လိုက်မည်ဟု ပိုင်းဖြတ်လိုက်လေသည်။

ရှာပုံတော်နှင့် လိုက်မည်ခဲ့သော်လည်း လိုက်ရန်မလိုချေ။ သူ့ညည်းသံကို စိတ်တန်ခိုးနှင့် ကြားရသကဲ့သို့ပင် ထိုအခိုက်တွင် "ဟာစ်လ်ဒါ" ထံမှ စာတစ်စောင် မမျှော်လင့်ဘဲ ရောက်လာလေသည်။ သူ အမေရိကန်ပြည်တွင် ရောက်နေကြောင်း အကူအညီလိုလျှင် ပေးရန်ရှိကြောင်း ဆိုလေသည်။ နတ် သိကြားများ မ သကဲ့သို့ပင် အကြောင်းတိုက်ဆိုင်လှပေသည်တကား။

ဖုခ်စ်သည် ကနေဒါပြည်တွင် လောကဓာတ်ပညာ သုတေသနလုပ်ငန်းကို ဆက်လက် ဆောင်ရွက်နေရာ ၁၉၄၁ ခုနှစ်တွင် ဖမ်းထားရာမှ လွှတ်လိုက်သောအခါ၌ သူသည် အဏုမြူဖုံးလုပ်ကိုင်ရေး သုတေသနဌာနတွင် အလုပ်ဆက်၍ လုပ်ရလေသည်။ သူ့၌ ကွန်မြူနစ်ဖြစ်ခဲ့ဖူးသည့် အတိတ်ရာဇဝင် ရှိစေကာမူ အမေရိကန်နှင့် ဗြိတိသျှ စုံထောက်အဖွဲ့များက သူ့အား စိတ်ချရပါသည်ဟု အစီရင်ခံထားကြလေသည်။

"ကလော့ဖုခ်စ်" လည်း သုတေသနလုပ်ငန်းကို ဆက်လုပ်ရကတည်းက သူ့စိတ်တွင် ကွန်မြူနစ်ဝါဒ၏ ကောင်းကြောင်းကို စွဲမြဲမိလေပြီ။ သူသည် အဏုမြူဖုံးလုပ်ငန်းဌာနတွင် အရေးပါအရာရောက်

mgyoe.com

mgyoe.com


သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာလေသည်။ သူ့အား ဗြိတိသျှအမျိုးသား အဖြစ်ကိုလည်း ပေးထားလေပြီ။

ဖုခ်စ် အမေရိကန်ပြည်သို့ ရောက်လာသောအခါ ဟစ်လ်ဒါမှာ အမေရိကန်ပြည်တွင် မရှိတော့ချေ။ အင်္ဂလန်ပြည်သို့ ရောက်နေနှင့်လေပြီ။ တစ်ဖန် အင်္ဂလန်ပြည်သို့ ဖုခ်စ် ပြန်ရောက်လာပြန်တော့လည်း ဟစ်လ်ဒါမှာ အမေရိကန်ပြည်သို့ ပြန်ရပြန်လေပြီ။ ဟစ်လ်ဒါမှာ သတင်းထောက် အဖြစ်နှင့် ဆောင်ရွက်နေသော်လည်း ဖုခ်စ်ကမူ ဟစ်လ်ဒါ သူလျှိုလုပ်ငန်းတွင် ထိပ်တန်းက ဆောင်ရွက်နေကြောင်း သိလေသည်။ သူတို့သည် အချင်းချင်း ချစ်သဝဏ်လွှာများ အဆက်မပြတ် ကမ်းလှမ်းကာ ဟိုယခင်က မြို့လယ်ကောင်တွင် တောခိုရင်း ချစ်နိဗ္ဗာန်ရောက်ခဲ့သည်ကို စားမြုံ့ပြန်နေကြလေသည်။

ယင်းသို့ စာချင်းဆက်သွယ်နေရာမှ တစ်နေ့တွင် ဟစ်လ်ဒါက ဖုခ်စ်ထံသို့ ရုရှားသူလျှိုခေါင်းဆောင်တစ်ဦး လွှတ်လိုက်လေသည်။ ထိုပုဂ္ဂိုလ်ကြီးက ဖုခ်စ်အား ငွေကြေးမြောက်မြားစွာ ပေးပြီးလျှင် အဏုမြူ သူလျှိုကြီးအဖြစ် ခန့်အပ်ခဲ့လေသည်။

ထိုနောက် ရက် လ အတန်ကြာသောအခါ ချစ်သူနှစ်ဦးသည် အင်္ဂလန်ပြည်တွင် ဆုံတွေ့ကြလေသည်။ တွေ့ရသည်မှာလည်း တစ်ညတာမျှသာဖြစ်သည်။ နောက်နေ့နံနက်တွင် ဟစ်လ်ဒါမှာ သူလျှိုကိစ္စတစ်ခုနှင့် ထွက်ခွာသွားရတော့မည်။ ဖုခ်စ်၌လည်း သူလျှိုကိစ္စတစ်ခုရှိသဖြင့် တစ်လမ်းသို့ ထွက်ခွာရချေမည်။ ယင်းသို့လျှင် တစ်ညတာမျှ တွေ့ရသော သူလျှိုမောင်နှံမှာ ညအိပ်ရန်ကိုပင် ချစ်တင်းနှီးနှောနေကြလေသည်။

နောက်နေ့မှာကား တနင်္ဂနွေနေ့ဖြစ်သည်။ မိုးကလေး တစိမ့်စိမ့် ရွာနေသည်။ ဟစ်လ်ဒါသည် ဖုခ်စ်ကို အသိမပေးဘဲ ချောင်တစ်ချောင်မှ

mgyoe.com

mgyoe.com


နေ၍ သူ့ချစ်သူကို စိုက်ကြည့်နေလေသည်။ ကလော့ဖုခ်စ်သည် ချာရင်းကရော့လမ်းမှ ကင်းဘရိတ်လမ်းဆုံ အဝိုင်းကြီးဘက်သို့ လျှောက်သွားသည်။ မျက်နှာချင်းဆိုင်မှ မျက်မှန်နှင့် လူခပ်ပိန်ပိန်၊ အရပ်ရှည်ရှည်တစ်ယောက်သည်လည်း အတွေးခေါင်ဟန်ဖြင့် လျှောက်လာလေသည်။ ထိုသူနှင့် ဖုခ်စ်တို့ ဆုံကြသောအခါ ဖုခ်စ်က ထိုသူအား စာအိတ်တစ်အိတ် အမှတ်မထင် ကမ်းလိုက်လေသည်။ ထိုသူကလည်း စာအိတ်ကိုယူ၍ အပြင်ကုတ်အင်္ကျီရှည်ကြီးထဲသို့ ထည့်ပြီးလျှင် ဟန်မပျက်ဆက်၍ လျှောက်သွားလေသည်။ ကလော့ဖုခ်စ်သည် ရှေ့သို့ဆက်၍ လျှောက်သွားသဖြင့် ချောင်း၍ကြည့်နေသော ဟစ်လ်ဒါမှာ သူ့ထံမှ တဖြည်းဖြည်း ဝေး၍သွားသော ချစ်သူ၏ နောက်ကျောကို လမ်းချိုးတွင် ကွေ့ဝင်၍ ပျောက်ကွယ်သွားသည့်တိုင်အောင် ငေး၍ ကြည့်နေလေသည်။ အဏုမြူဗုံးလုပ်နည်းကို ရုရှားအစိုးရအား လျှို့ဝှက်စွာ ပေးကမ်းလိုက်သည်ဟု စွပ်စွဲကာ ရုံးတင် စစ်ဆေးခံရသော လောကဓာတ်ဆရာကြီး ဒေါက်တာ ကလော့ဖုခ်စ်သည် မိမိမှာ ရုရှားအစိုးရ၏ ဝါဒကို ကြိုက်နှစ်သက်သောကြောင့် သူလျှိုအဖြစ် ဆောင်ရွက်ခဲ့ကြောင်း အတိအလင်း ဖြောင့်ချက်ပေး၍ အပြစ်ဒဏ်ကို ရဲဝံ့ကျေနပ်စွာ ခံယူလိုက်လေသည်။ သူသည် ခုံရုံးတွင် အမှုနှင့် သက်ဆိုင်သည့် အချက်အလက်များကိုသာ အစစ်ခံ၍ သူ၏ ကိုယ်ရေးကိစ္စများကို တစ်လုံးတစ်ပါဒမျှ ထုတ်ဖော်ပြောဆိုခြင်း မပြုချေ။

*

ယင်းသို့လျှင် ဖုခ်စ်သည် သူ့ဇနီး ဟစ်လ်ဒါအား ကာကွယ်လိုက်ပေသည်။ ယခုထက်တိုင် မမိသေးသော သူလျှိုခေါင်းဆောင် ကွန်မြူနစ်ဝါဒ ပြင်းထန်လှသည့် အသားညိုချော ဟစ်လ်ဒါအိပ်ခ်စ် (နာမည်

mgyoe.com